# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၂၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၆၇)


**ဒို့တာဝန်အရေး (၃) ပါး**

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၇

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၁၁ နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Dr.Thongloun SISOULITH ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Dr. Thongloun SISOULITH အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

**တက်ရောက်**

ထိုသို့ တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြပြီး ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Dr. Thongloun SISOULITH ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Nilahath SAYARTH နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအစိုးရများအကြားနှင့် ပြည်သူများအကြား ညီရင်းအစ်ကိုစိတ်ဓာတ်များဖြင့် ချစ်ခင်ရင်းနှီးမှုများ တိုးမြှင့်ခိုင်မာရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ယန္တရားတစ်ရပ် *စာမျက်နှာ ၃ ကော်လံ ၁* ❖

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၇

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ Children and Armed Conflict ဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စကုမာရဆွာမိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စကုမာရဆွာမိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ အစိုးရသစ် ပေါ်ပေါက်လာပြီးနောက်ပိုင်း ကုလသမဂ္ဂနှင့် ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်နေမှုများ၊ အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှုများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတွင်လည်း အလားတူ လုပ်ငန်းစီမံချက်များ ရေးဆွဲချမှတ် ဆောင်ရွက်သွားရေး၊ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ပပျောက်ရန်ကိစ္စများနှင့် UNICEF အနေဖြင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများတွင် လိုအပ်သော ရန်ပုံငွေများ၊ နည်းပညာအကူအညီများ ပေးအပ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးညှိနှိုင်းကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ Children and Armed Conflict ဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စကုမာရဆွာမိအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇွန် ၂၈ ရက်)

# ချိုသော ချဉ်သော သရက်သီးမှည့်များ

ဝါဆိုလသို့ရောက်ပြီဆိုလျှင် သရက်သီးမှည့်များဖြိုင်ဖြိုင်ပေါ်လေ့ရှိသည်။ သရက်သီးမှည့်များကို ဈေးများ၌ရသည်။ သရက်သီးကား အမျိုးမျိုးရှိ၏။ မချစ်စု၊ ရင်ကွဲ၊ စိန်တစ်လုံး၊ ရွှေဟင်္သာ၊ မြကျောက်၊ ပန်းဆွဲ စသည်ဖြင့် အမျိုးပေါင်းများစွာရှိ၏။

သရက်သီးများ၏ ပုံသဏ္ဌာန်မှာလည်း အမျိုးမျိုးရှိသေးသည်။ အချို့က လုံးဝိုင်း၏။ အချို့က ရှည်၏။ အချို့က သွယ်၏။ အချို့က ဝ၏။ အချို့က သေး၏။ အချို့က ကြီး၏။ အရောင်အဆင်းမှာလည်း အမျိုးမျိုးရှိ၏။ အချို့က အစိမ်းရောင်၊ အချို့က အဝါရောင်၊ အချို့က ရွှေဝါရောင်၊ အချို့က နီညိုရောင် စသည်ဖြင့် စုံလင်လှ၏။ သရက်သီးများသည် ပုံသဏ္ဌာန်နှင့် အရောင်အဆင်းကွဲပြားသလို အရသာမှာလည်း ကွဲပြားသေး၏။ အချို့က ချို၏။ အချို့က မွှေး၏။ အချို့က မှည့်သော်လည်း ချိုချဉ်ဖြစ်၏။ အချို့ လုံးလုံးချဉ်သောအရသာရှိ၏။ အသားမှာလည်း အချို့က နူးညံ့၏။ အချို့က အမျှင်များပြီး အသားကြမ်း၏။

သရက်သီးလေးများသည် ပုံသဏ္ဌာန်၊ အရောင်အဆင်း၊ အရသာတို့ ကွဲပြားခြားနားစေကာမူ ရင့်မှည့်သောကာလမှာ တူကြ၏။ ကျွန်ုပ်တို့ လူသားများသည်လည်း သရက်သီးများကဲ့သို့ပင်ဖြစ်၏။ သရက်သီးများသည် ငယ်ရွယ်စဉ်ကာလတွင် ချဉ်ကြ၏။ ကြီးထွားရင့်မှည့်လာသည့်အခါ ချိုကြ၏။ အရသာမွှေးကြိုင်ကြ၏။ လူသားများသည်လည်း ထိုသဘောပင်ဖြစ်၏။ ငယ်ရွယ်စဉ်အခါတွင် ဘဝအတွေ့အကြုံမရှိသေး၍ ရင့်ကျက်မှုမရှိကြသဖြင့် အမှားများလုပ်မိတတ်ကြ၏။ လူလားမြောက်၍ အသိဉာဏ်များ ရင့်သန်လာသည့်အခါ ဘဝအတွေ့အကြုံရင့်ကျက်မှုများရလာပြီး အရာရာဆင်ခြင်တုံတရားရှိလာသဖြင့် အမှားကို ရှောင်ကြဉ်တတ်လာ၏။

သရက်သီးများကဲ့သို့ ရင့်မှည့်သော်လည်း ချိုသောအရသာမရှိဘဲ ချဉ်သောအရသာရှိလျှင် မိမိကိုယ် မိမိပြန်လည်သုံးသပ်သင့်ပြီ။ အချို့သရက်သီးကဲ့သို့ချဉ်သော သူများကိုမူ အချို့က ဤသို့ပြောဆို ဝေဖန်တတ်ကြသည်။ "ဒီလူကဗျာ အသုံးမကျပါဘူး၊ ဒီလူ မတတ်ပါဘူး၊ ဒီလူ စွမ်းရည်သတ္တိမရှိပါဘူး၊ ဒီလူ မကောင်းပါဘူး၊ ဒီလူ အားမကိုးရပါဘူး၊ လူသာကြီးနေတာ အချိန် မစီးဘူး"ဟူ၍ ပြောဆိုဝေဖန်တတ်ကြ၏။

ထို့ကြောင့် လူသည် ငယ်ရွယ်စဉ်မှ တဖြည်းဖြည်းအသက်အရွယ်ကြီးပြင်းလာသည့်အလျောက် အရာရာတိုင်းတွင် ရင့်ကျက်မှုများ တိုးလာဖို့လိုသည်။ ရင့်ကျက်မှုဟူသည်ကား အသိဉာဏ်များတိုးလာရမည်။ လုပ်ရည်ကိုင်ရည်စွမ်းရည်များ တိုးလာရမည်။ ဘဝအတွေ့အကြုံများ တိုးလာရမည်။ သည်းခံနိုင်စွမ်း၊ ဆင်ခြင်တုံတရားများ တိုးလာရမည်။ ဗဟုသုတများတိုးပွားလာရမည်ဖြစ်သည်။ ထိုသို့ အရာရာရင့်ကျက်တိုးပွားလာမှသာလျှင် အနံ့၊ အရသာ၊ အရောင်အဆင်းနှင့် ပြည့်စုံလှသော သရက်သီးများကဲ့သို့ တန်ဖိုးရှိသော လူသားများ ဖြစ်လာမည်ဖြစ်၏။

ထိုသို့မဟုတ်ဘဲ ရင့်ကျက်အောင် ကြိုးစားလုံ့လပြုခြင်းမရှိခဲ့ပါမူ ရင့်မှည့်သော်လည်း ချဉ်သောအရသာရှိသည့် သရက်သီးမှည့်များကဲ့သို့ လူကြိုက်နည်းပေလိမ့်မည်။ ထို့ကြောင့် လူတိုင်းလူတိုင်းသည် အသက်အရွယ်ငယ်ရွယ်စဉ်မှစပြီး တဖြည်းဖြည်းရင့်ကျက်ရင်သန်လာအောင် ကြိုးစားအားထုတ်သင့်ပေသည်။ သရက်သီးမှည့်ချိန်ရောက်တိုင်း ချိုသည့် သရက်သီးကိုပင် ဝယ်ချင်စားချင်ကြသည်။ တန်ဖိုးထားကြသည်။ ဤသို့လျှင် သရက်သီးမှည့်ချိန်ရောက်တိုင်း သရက်သီးဝယ်စားသည့်အခါ ချိုသလား၊ ချဉ်သလား တွက်ဆကြသလိုပင် မိမိ လက်ရှိရောက်ရှိနေသော အခြေအနေသည်လည်း ချိုသလား၊ ချဉ်သလား ဝေဖန်သုံးသပ်နေသင့်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

## စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး မင်္ဂလာတောင်ညွန့်မြို့နယ်၌ ကျင်းပ

**ရန်ကုန် ဇွန် ၂၇**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် စည်းရုံးရေးကော်မတီ၏ ၂၀၁၁-၂၀၁၂ နှစ်ပတ်လည်အစည်းအဝေးကို အထက(၁) မင်္ဂလာတောင်ညွန့် မြမင်္ဂလာခန်းမ၌ ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း) **(အောက်ပုံ)** က အမှာစကားပြောကြားသည်။ ထို့နောက် နှစ်ပတ်လည် အစီရင်ခံစာကို ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးအုန်းလွင်(ငြိမ်း)နှင့် စစ်ဆေးရေးမှူး ဗိုလ်မှူးသိန်းဝင်း(ငြိမ်း) တို့က ဖတ်ကြား တင်သွင်းကြပြီး အဆိုပါ အစီရင်ခံစာအပေါ် အဖွဲ့ဝင်နှစ်ဦးတို့က အကြံပြုဆွေးနွေးကြသည်။ ဆက်လက်ပြီး ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌက ပညာရည်ချွန်ဆု ချီးမြှင့်ပေးခဲ့ကြောင်း သိရှိရသည်။ **(စစ်မှုထမ်းဟောင်း)**

## ဒဂုံမြို့သစ်(တောင်ပိုင်း)၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ရန်ကုန် ဇွန် ၂၇**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၆၅)ရပ်ကွက်တွင် မိုးပွင့်အဆင့်(၃) စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ဇွန် ၂၀ ရက်က ကွင်းဆင်းဆောင်ရွက်ပေးရာ တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးရဲထွန်းဦး၊ အရှေ့ပိုင်းခရိုင်ဦးစီးဌာနမှူး ဦးဝင်းခိုင်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလှိုင်တို့က ကြီးကြပ်ခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား လာရောက်ပြုလုပ်သူ ၆၀ နှင့် အိမ်ထောင်စုစာရင်း အစောင် ၂၀ တို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် လဝက)**

## အင်ဒေါင်းကျေးရွာ အလယ်တန်းကျောင်း(ခွဲ)ဖွင့်

**ထီးချိုင့် ဇွန် ၂၇**

ထီးချိုင့်မြို့နယ် အင်ဒေါင်းကျေးရွာ အလယ်တန်းကျောင်း(ခွဲ)ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၈ နာရီက အဆိုပါကျောင်းရှေ့၌ ကျင်းပသည်။ ဖွင့်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးစိုးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

### လက်ခံယူ

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အေးမြင့်နှင့်အလှူရှင်များက ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ပညာရေး)**

## ကျောင်းဝတ်စုံ ထောက်ပံ့ပေးအပ်

**ရပ်စောက် ဇွန် ၂၇**

ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးရှိ ပျံကျဈေးသည်များ၏ သားသမီးများအား ကျောင်းဝတ်စုံများထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၆ ရက်က မြို့မဈေး၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၄၇ ဦးအတွက် တန်ဖိုးငွေကျပ် ၂၈၂၀၀၀ရှိ ကျောင်းဝတ်စုံ ၄၇ စုံကိုပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## တစ်ဖက်နိုင်ငံသို့ တရားမဝင်သွားရောက်မည့်သူများအား တားဆီးကာ နေရပ်သို့ ပြန်လည်ပို့ဆောင်မည်

**နေပြည်တော် ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇွန် ၂၅ ရက် နံနက် ၁၀ နာရီက ရန်ကုန်မှ ဘားအံသို့ ထွက်ခွာလာသည့် ဝင်းအဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးယာဉ်အမှတ်၅ခ/ ၇၅၆၀ ဖြင့် စီးနင်းလိုက်ပါလာသူများအား ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ဘုရားကြီးလမ်းဆုံ၌ ရှောင်တခင်စစ်ဆေးမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။ ထိုသို့ စစ်ဆေးစဉ် ယာဉ်ပေါ် လိုက်ပါလာသူများ အနက် ၂၉ ဦးတို့မှာ စစ်ကိုင်းတိုင်းဒေသကြီး နယ်မြေမှဖြစ်ပြီး တစ်ဖက်နိုင်ငံတွင် အလုပ်လုပ်ကိုင်ရန် အတွက် မြဝတီမြို့မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ တရားမဝင် သွားရောက်မည့်သူများဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား တာဝန်ရှိသူတို့က တားဆီးခဲ့သည်။ ပဲခူးလူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအထူးအဖွဲ့သည် အဆိုပါ ၂၉ ဦးတို့အား တစ်ဖက်နိုင်ငံသို့ တရားမဝင် သွားရောက် အလုပ်လုပ်ကိုင်ပါက ယင်းနိုင်ငံ ဥပဒေအရ တရားမဝင်နေထိုင်မှုဖြင့် ဖမ်းဆီးခံရခြင်း၊ လုပ်ပွဲစားများ၏ လိမ်လည်လှည့်ဖြားမှုကြောင့် ငါးဖမ်းလှေ၊ အလုပ်ရုံ၊ စက်ရုံများသို့ ရောင်းစားခံရကာ လူကုန်ကူးခံရသူများအဖြစ်သို့ ရောက်ရှိခြင်း စသည့် အန္တရာယ်များဖြင့် ကြုံတွေ့ရနိုင်ကြောင်း အသိပညာပေး ရှင်းလင်းခဲ့သည်။ ၎င်းတို့အား ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့၏ အစီအစဉ်ဖြင့် စောင့်ရှောက်ထားရှိပြီး မိဘအုပ်ထိန်းသူများနှင့် သက်ဆိုင်ရာ နေရပ်သို့ ပြန်လည်ပို့ဆောင်အပ်နှံရေး စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပဲခူးမြို့၌ တစ်ရွာတစ်ဧက သစ်ပင်စိုက်ပျိုး

**ပဲခူး ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကလိကျေးရွာ၌ ကျေးလက်အိမ်ရာထူထောင်ရေးနှင့် ကျေးရွာပိုင်သစ်တောစိုက်ခင်း တည်ထောင်ခြင်းစီမံချက်အရ ဇွန် ၁၉ ရက် နံနက် ၉ နာရီက ပဲခူးမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီးဦးသိန်းရွှေနှင့် သစ်တောဝန်ထမ်းများ၊ ကလိတပ်လေးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးဦးနှင့် အရန်မီးသတ်တပ်ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကျေးရွာသူ ကျေးရွာသားများ၊ ကလိကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးတင့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက တစ်ရွာ တစ်ဧကအတွက် ယူကလစ်ပင် ၆၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ်သစ်တော)**

## စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်

**ရန်ကုန် ဇွန် ၂၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၂ ရက် နံနက် ၁၀ နာရီက သဃ်န်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အရှေ့ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်က အမှာစကားပြောကြားပြီး အရှေ့ပိုင်းခရိုင် စီမံကိန်းဦးစီးရုံးမှ ခရိုင်တာဝန်ခံ ဒေါ်စန်းစန်းရီက ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် စက်မှုဇုန်ကော်မတီဥက္ကဋ္ဌများအားစီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ) (ဝ၂၅)**

## ကျောင်းဆောင်သစ် ပင်းတယ၌ လွှဲပြောင်းပေးအပ်

**ပင်းတယ ဇွန် ၂၇**

ကျေးလက်လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြု ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူ ၁၄၀အား ဂုဏ်ပြုပွဲ အခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ရွှေပုထိုး(တောင်) ကျေးရွာ အမှတ်(၇၁) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို ပင်းတယမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းကြည်၊ ဒေသဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးစိုးနိုင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဒေသဦးစီးအဖွဲ့ အတွင်းရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကား ပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးကြသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို နိုင်ငံတော်မှ လှူဒါန်းငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၃၂ သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(၄၇၇)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

❖ ရှေ့ဖုံးမှ

ဖွဲ့စည်းထူထောင်အကောင်အထည်ဖော်ရေးစသည့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များနှင့် လာအိုနိုင်ငံတွင် ၂၀၁၂ ခုနှစ်အတွင်း ကျင်းပမည့် (၉)ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်သမ္မတ တက်ရောက်ပါရန် ဖိတ်ကြားသည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Dr.Thongloun SISOULITH ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

## လက်ခံတွေ့ဆုံ

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ Children and Armed Conflict ဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စကုမာရဆွာမိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# သာသနာရေးဝန်ကြီးဌာန ပညာသင်စရိတ်ချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၇**

သာသနာရေးဝန်ကြီးဌာနမှ ၂၀၁၂ ခုနှစ်တွင် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုငွေချီးမြှင့်ခြင်း၊ (၁၆)ကြိမ်မြောက် ဝန်ထမ်းထောက်ပံ့ကြေးနှင့် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးရုံး စုဝေးခန်းမ၌ကျင်းပသည်။ အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က အမှာစကားပြောကြားသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် မဟာဌာနမှူး ပါမောက္ခဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒက ဝန်ထမ်းသားသမီးများအတွက် လှူဒါန်းသော ပညာသင်စရိတ် ထပ်ဆောင်းချီးမြှင့်ငွေကျပ် ၁၆၉၆၂၅၀ အား ဆရာတော်ကိုယ်စား ဒုတိယပါမောက္ခချုပ် ဒေါက်တာသန့်စင်နိုင်နှင့် အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်သဇင်မြင့်အောင်က လှူဒါန်းသော ငွေကျပ် လေးသိန်းတန်ဖိုးရှိ ဗလာစာအုပ် ဒါဇင် ၂၀၀ ကို အလှူရှင်ကိုယ်စား ဒုတိယရုံးအဖွဲ့မှူး ဦးစိုးနိုင်တို့ကပေးအပ်လှူဒါန်းကြရာပြည်ထောင်စုဝန်ကြီးက လက်ခံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၂ ခုနှစ်တွင် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိကြသည့် ဝန်ထမ်းလေးဦးတို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက ဌာနခွဲအလိုက် ဝန်ထမ်းထောက်ပံ့ကြေးများကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူတို့က ဝန်ထမ်းသားသမီးများအတွက် ပညာသင်စရိတ်များ၊ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိခဲ့သည့် ဝန်ထမ်းသားသမီးများနှင့် စိုက်ပျိုးရေး ထူးချွန်ဆုရရှိသူတို့အား ဂုဏ်ပြုဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

**မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၂၇ ရက်က အင်းစိန်မြို့နယ် အလက (၉) ကျောင်းဝင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ဦးနှင့် ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများ၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။** (မြန်မာ့အလင်း)

# မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဇွန် ၂၇**

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ချင်းပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မောင်တောမြို့တွင် ၁၆ ဒသမ ၆၁ လက်မ၊ စစ်တွေမြို့တွင် ၈ ဒသမ ၆၆ လက်မ၊ မြောက်ဦးမြို့တွင် ၆ ဒသမ ၈၅ လက်မ၊ ဂွမြို့တွင် ၆ ဒသမ ၈၁ လက်မ၊ ကျောက်ဖြူမြို့တွင် ၆ ဒသမ ၅၃ လက်မ၊ ကျောက်တော်မြို့တွင် ၆ ဒသမ ၄၂ လက်မ၊ ကော့ကရိတ်မြို့တွင် ၆ ဒသမ ၀၆ လက်မ၊ ဘီးလင်းမြို့တွင် ၅ ဒသမ ၂၄ လက်မ၊ ဘားအံ(စိုက်ပျိုးရေး) တွင် ၄ ဒသမ ၈၈ လက်မ၊ မြဝတီမြို့တွင် ၄ ဒသမ ၇၂ လက်မနှင့် ပလက်ဝမြို့တွင် ၄ ဒသမ ၂၉ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းမှာ ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

# ထူးကဲဒီရေ တက်မည်

**ရန်ကုန် ဇွန် ၂၇**

၂၀၁၂ ခုနှစ် ဇူလိုင် ၃ရက်မှ ၇ ရက်အထိ ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၂ပေခန့်မှ ၂၀ဒသမ ၈ ပေခန့်အထိ ထူးကဲဒီရေ တက်ရောက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၁၀-၂၀၁၁ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၇ ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးအကြောင်းကြားထားသည်။ **(သတင်းစဉ်)**

## ပေးအပ်

**ဇွန် ၂၅ ရက်က လှိုင်မြို့နယ် အမှတ် (၂၄) အခြေခံပညာမူလတန်းကျောင်းသို့ အမှတ် (၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် စေတနာရှင်မိဘပြည်သူများက လှူဒါန်းသော ကျောင်းအသုံးအဆောင်ပစ္စည်းများကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က ကျောင်းအုပ်ဆရာကြီးနှင့်ကျောင်းသား ကျောင်းသူများထံ ပေးအပ်စဉ်။** (၁၂၂)

မြန်မာ့အလင်း မှုခင်းသတင်း

# မြဝတီမြို့၌ ရွှေဆိုင်တစ်ဆိုင် ဓားပြတိုက်ခံရ ရွှေ ၂၄၂ ကျပ်သား အပါအဝင် ကျပ်သိန်း ၁၅၀၀ ကျော်ဖိုးပါရှိသွား

**မြဝတီ ဇွန် ၂၇**

မြဝတီမြို့နယ် ဘုရင့်နောင်ဈေးကြီးအရှေ့ဘက်ရှိ အင်ပါယာရွှေဆိုင်အတွင်း သေနတ်သမားသုံးဦး ဝင်ရောက်ဓားပြတိုက်ပြီး ရွှေထည်ပစ္စည်းများနှင့်ငွေများ လုယက်ယူဆောင်သွားမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်က Honda Ford ကားနှင့်ရောက်လာသော အနက်ရောင်ဝတ်စုံ မျက်နှာဖုံးစွပ်သေနတ်သမားသုံးဦးအနက် တစ်ဦးသည် ရွှေဆိုင်အတွင်းသို့ဝင်ရောက်ပြီး ရွှေဆိုင်ကောင်တာအနောက်ရှိ ရွှေများထည့်ချိတ်ထားသော မှန်ပုံးကိုရိုက်ခွဲခဲ့ကြောင်း၊ **(ယာပုံ)**ထို့နောက် ရွှေကြိုး ၂၄၂ ကျပ်သားနှင့်အတူ မြန်မာငွေကျပ် သိန်း ၃၀ ကျော်နှင့် ထိုင်းဘတ်ငွေ

နှစ်သိန်းကျော်ကိုယူဆောင်၍ အပြင်ဘက်၌နေသူက သေနတ်ငါးချက် ပစ်ဖောက်ခဲ့ပြီးနောက် ရွှေနှင့်ငွေစက္ကူများကို ကားဖြင့် ယူဆောင်သွားကြောင်း၊ အဆိုပါ ရွှေ ၂၄၂ ကျပ်သားတွင် အားလုံးမှာ ဆွဲကြိုးများဖြစ်၍ ယိုးဒယားလော့ကတ်သီးပါ အမ်စီဆွဲကြိုးများ၊ တစ်ကျပ်သား၊ နှစ်ကျပ်သားနှင့် သုံးကျပ်သားဆွဲကြိုးများပါဝင်ပြီး စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၁၅၇၀ ကျော်ဖိုးဖြစ်ကြောင်း သိရှိရသည်။ **(၀၈၀)**

28-6 (03).pmd 1 6/28/2012, 4:10 AM

# ဂရိနိုင်ငံ၌ မြေအောက်မှ ရှေးဟောင်းကျောက်ချောလမ်းတွေ့ရှိ



**အေသင် ဇွန် ၂၇**

ဂရိနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သော သီဆာလိုနီကီမြို့လယ်မြေအောက်၌ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်က ဖောက်လုပ်ခဲ့သော ကျောက်ချောလမ်းတစ်လမ်းကို ဂရိသုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇွန် ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါကျောက်ချောလမ်း **(ယာပုံ)**ကို သီဆာလိုနီကီမြို့၏ မြေအောက်ရထားလမ်းဖောက်လုပ်ရာမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ သီဆာလိုနီကီမြို့၏ မြေအောက်ရထားလမ်းစနစ်ကို လာမည့် လေးနှစ်အတွင်း အပြီးတည်ဆောက်ဖောက်လုပ်မည်ဖြစ်ရာ ၂၀၁၆ ခုနှစ်၌ ဖွင့်လှစ်ရန်မျှော်မှန်းထားသည်။

**တွေ့ရှိရ**

ယခုတွေ့ရှိရသည့် မြေအောက်လမ်းမှာ အရှည်ပေ ၂၃၀ ရှိသည့် ကျောက်ချောလမ်းအစိတ်အပိုင်းတစ်ခုဖြစ်သည်။ အဆိုပါရှေးဟောင်းကျောက်ချောလမ်းကို ကျောက်တုံးများ အောက်ခြေပိုင်း၌ခင်းထားပြီး အပေါ်မှ ကျောက်မှုန့်များဖြင့် အချောကိုင်ထားခြင်းဖြစ်သည်။

ဂရိရှေးဟောင်းသုတေသနပညာရှင်များက ၎င်းကားလမ်းအစိတ်အပိုင်းသည် ရှေးခေတ်ဂရိလူမျိုးများက မြင်းလှည်းများ၊ လူဆွဲဘီးတပ်ယာဉ်များသွားလာရာတွင် အသုံးပြုခဲ့သည့်လမ်းဖြစ်ကြောင်း ပြောကြားသည်။ အဆိုပါ ရှေးဟောင်းကျောက်ချောလမ်းမှာ သီဆာလိုနီကီမြို့လယ် မြေအောက်အနက် ၂၃ ပေ၌ တွေ့ရှိရခြင်းဖြစ်သည်။ **(အင်တာနက်)**

# ဗြိတိန်နိုင်ငံ ဂျာစီမြို့မြေအောက်မှ ကြေးခေတ်သုံးဒင်္ဂါးပြား အများအပြားတွေ့ရှိ

**ဂျာစီ ဇွန် ၂၇**

ဗြိတိန်နိုင်ငံ ဂျာစီမြို့မြေအောက်မှ ကြေးခေတ်သုံးဒင်္ဂါးအများအပြားကို ဗြိတိန်ရှေးဟောင်းသုတေသနပညာရှင်နှစ်ဦးက တွေ့ရှိခဲ့ကြောင်း ဗြိတိန်အရာရှိများက ဇွန် ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ ဒင်္ဂါးပြား **(အပေါ်ပုံ)**မှာ ကြေးဖြင့်ပြုလုပ်ထားပြီး ကာလပေါက်ဈေးပေါင် ၁၀ သန်းခန့်တန်ဖိုးရှိကြောင်း၊ ဒင်္ဂါးပြားအရေအတွက်မှာ စုစုပေါင်း ၅၀၀၀၀ ခန့်ရှိရာ ဥရောပ၌ ဒင်္ဂါးပြားတွေ့ရှိမှုအများဆုံးပင်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

**ရှာဖွေတွေ့ရှိ**

ယင်းဒင်္ဂါးပြားများကို ဂျာစီမြို့အရှေ့ပိုင်းလယ်ကွက်တစ်ခုမှ ဗြိတိန်သုတေသနပညာရှင်ရစ်ချက်မီးလ်နှင့် ရက်မတ်တို့နှစ်ဦးက တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၎င်းမြေကွက်ပိုင်ရှင်လယ်သမားက သူ၏လယ်မြေအတွင်း ယခင်ကလည်း ရှေးခေတ်ငွေဒင်္ဂါးပြားများရှာဖွေတွေ့ရှိခဲ့ဖူးသည်ဟု ပြောကြားခဲ့သည်။

ယခုတွေ့ရှိသည့် ကြေးခေတ်သုံးဒင်္ဂါးပြားများသည် နှစ်ပေါင်း ၆၀ အတွင်း အရေအတွက်အများဆုံးတွေ့ရှိရခြင်းဖြစ်ပြီး အလေးချိန်အနေဖြင့် တစ်တန်ကျော်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။ အဆိုပါ ကြေးခေတ်သုံးဒင်္ဂါးပြားများကို ဆက်လက်သုတေသနပြုလေ့လာသွားမည်ဟု ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

# ကနေဒါနိုင်ငံ၌ နာမည်ကြီးရှော့ပင်းမောပြိုကျ၊ သေဆုံး၊ ဒဏ်ရာရမှုဖြစ်ပွား

**မွန်ထရီရယ် ဇွန် ၂၇**

ကနေဒါနိုင်ငံ တွန်ကာရီအိုမြို့ မြောက်ပိုင်းရှိ ရှော့ပင်းမောတစ်ခု၌ ဇွန် ၂၆ ရက်က ရုတ်တရက်ပြိုကျမှုဖြစ်ပွားခဲ့ရာ သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများဖြစ်ပေါ်ခဲ့ပြီး အချို့လူများမှာ အပျက်အစီးများအောက်၌ ပိတ်မိလျက်ရှိကြောင်း ကယ်ဆယ်ရေးအဖွဲ့များက ဇွန် ၂၇ ရက်တွင် ပြောကြားသည်။

ထိုနေ့ကဖြစ်ပွားမှုကြောင့် ၎င်းရှော့ပင်းမော၏အမိုးပြိုကျခဲ့ရာမှ အဆောက်အအုံအစိတ်အပိုင်းအများအပြား ပျက်စီးခဲ့သည်။ **(ဝဲပုံ)** ကယ်ဆယ်ရေးအဖွဲ့များက အပျက်အစီးများအောက်၌ ပိတ်မိနေသူများကို ကယ်ဆယ်နိုင်ရေးကြိုးစားခဲ့ကြသည်။ အဆိုပါရှော့ပင်းမောသည် ဈေးဝယ်သူအများအပြား လာရောက်ကြသည့် နာမည်ကြီးရှော့ပင်းမောဖြစ်ပြီး ဒဏ်ရာရရှိသူအများအပြားမှာ ဈေးဝယ်သူများဖြစ်သည်။ လောလောဆယ်တွင် သေဆုံးသူနှစ်ဦးရှိကြောင်း၊ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ တင်ပို့ပေးထားရကြောင်း ကယ်ဆယ်ရေးအဖွဲ့များက ပြောကြားသည်။ ၎င်းရှော့ပင်းမောပြိုကျမှုနှင့် ပတ်သက်ပြီး တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ယင်းရှော့ပင်းမောကို ၁၉၈၀ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

# အီရတ်နိုင်ငံတွင် ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား ၁၂ ဦးသေဆုံး၊ ၃၉ ဦးဒဏ်ရာရ

**ဘဂ္ဂဒက် ဇွန် ၂၇**

အီရတ်နိုင်ငံအတွင်း သီးခြားဗုံးခွဲတိုက်ခိုက်မှုနှစ်ခုတွင် လူ ၁၂ ဦးသေဆုံးပြီး ၃၉ ဦး ဒဏ်ရာရသွားကြောင်း ဇွန် ၂၆ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဘဂ္ဂဒက်မြို့တော်တောင်ဘက် ၉၅ ကီလိုမီတာခန့်အကွာ ဟီလာမြို့တွင် ဇွန် ၂၅ ရက် ည ၇ နာရီ ၄၅ မိနစ်က ကားဗုံးခွဲတိုက်ခိုက်မှု၌ လူရှစ်ဦးသေဆုံးပြီး ၃၂ ဦး ဒဏ်ရာရရှိသွားသည်။ **(ဝဲပုံ)**

တစ်ချိန်တည်းမှာပင် ဘဂ္ဂဒက်မြို့တော်မြောက်ဘက် ကီလိုမီတာ ၆၀ ခန့်အကွာ ဘာကူဘာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် လူလေးဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိသွားကြောင်း လုံခြုံရေးနှင့်ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။ **(အင်တာနက်)**

# အာဖဂန်နစ္စတန်နိုင်ငံ ဟယ်မန့်ပြည်နယ် ရဲသိပ္ပံတွင် ရဲတပ်ဖွဲ့ဝင် ၇၆ ဦး အစာအဆိပ်သင့်

**ကဘူးလ် ဇွန် ၂၇**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်မန့်ပြည်နယ်တွင် အာဖဂန်ရဲတပ်ဖွဲ့ဝင် ၇၆ ဦး အစာအဆိပ်သင့်ကြောင်း ပရက်စ်တီဗွီတွင် ဖော်ပြပါရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံ လက်ရှကာဂါမြို့ ရဲသိပ္ပံတွင် ဇွန် ၂၅ ရက်က နံနက်စာ စားပြီး ရဲတပ်ဖွဲ့ဝင်များ အစာအဆိပ်သင့်ဝေဒနာများခံစားရခြင်းဖြစ်သည်ဟု အာဖဂန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထိုနေ့ နံနက်စာစားသောက်အပြီးတွင် ရဲတပ်ဖွဲ့ဝင်များမှာ ခေါင်းခဲပြီး မအီမသာခံစားကြရကြောင်း၊ ယင်းကိစ္စကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ အဆိပ်သင့်တပ်ဖွဲ့ဝင်များအား စစ်ဆေးရုံသို့ တင်ပို့လိုက်ရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **(အင်တာနက်)**

# သြစတြေးလျနိုင်ငံ ခရစ္စမတ်ကျွန်း၌ ကူးတို့ရေယာဉ်တစ်စင်းတိမ်းမှောက်

**မဲလ်ဘုန်း ဇွန် ၂၇**

သြစတြေးလျနိုင်ငံ ခရစ္စမတ်ကျွန်းတွင် ပြည်ပမှတရားမဝင် ဝင်ရောက်လာသူများကို တင်ဆောင်လာသည့် ကူးတို့ရေယာဉ်တစ်စင်း ဇွန် ၂၇ ရက်က တိမ်းမှောက်မှုဖြစ်ပွားပြီးနောက် လူပေါင်း ၁၂၃ ဦး အား ကယ်ဆယ်ခဲ့ရကြောင်း သြစတြေးလျရေကြောင်းလုံခြုံရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါ ကူးတို့ရေယာဉ်သည် ခရစ္စမတ်ကျွန်းမြောက်ဘက် ခန့်မှန်းခြေ ရေမိုင် ၁၀၇ မိုင်အကွာ၌ တိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့က ကယ်ဆယ်ခဲ့ရခြင်းဖြစ်ကြောင်း သြစတြေးလျ ရေကြောင်းလုံခြုံရေးအာဏာပိုင်များက နေ့စဉ်ထုတ်ဝေသည့် သတင်းစာတစ်စောင်သို့ ပြောကြားခဲ့သည်။ ယင်းကူးတို့ရေယာဉ်နစ်မြုပ်မှုကြောင့် ခန့်မှန်းခြေ ၁၂၃ ဦး ကယ်ဆယ်ခဲ့ရကြောင်း၊ ဖြစ်ပွားရာနေရာသို့ ကုန်တင်ရေယာဉ်သုံးစင်းနှင့် စစ်ရေယာဉ်တစ်စင်းတို့ စေလွှတ်ပေးခဲ့ပြီး ကယ်ဆယ်ရေးများဆောင်ရွက်ခဲ့ရကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ **(ယာပုံ)** **(အင်တာနက်)**

## နိုင်ငံတကာသတင်းအတိုအထွာ ၂၇-၆-၂၀၁၂

**တင်မောင်လွင်(မြန်မာ့အလင်း) - စုစည်းသည်**

### မာရီယာနာချောက်အတွင်း တရုတ်ရေငုပ်သင်္ဘော ငါးကြိမ်မြောက်ဆင်းသက်

*တရုတ်နိုင်ငံ၏ လူလိုက်ပါသော Jiaolong အမည်ရှိ ရေငုပ်သင်္ဘောသည် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကမ္ဘာ့အနက်ဆုံး မာရီယာနာချောက်အတွင်း ရေအနက်မီတာ ၇၀၀၀ မှ ၇၁၀၀ အထိ ရောက်ရှိရန် ဇွန် ၂၇ ရက် နံနက်က ငါးကြိမ်မြောက်အဖြစ် ထပ်မံဆင်းသက်မောင်းနှင်သွားပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။*

*အဆိုပါ ရေငုပ်သင်္ဘောသည် ဇွန် ၂၄ ရက်က ပစိဖိတ်သမုဒ္ဒရာရှိ ကမ္ဘာ့အနက်ဆုံး မာရီယာနာချောက် အတွင်း လေးကြိမ်မြောက်အဖြစ် ဆင်းသက်ငုပ်လျှိုးမောင်းနှင်ခဲ့ရာတွင် ၇၀၂၀ မီတာအထိ စံချိန်တင်ရောက်ရှိခဲ့သည်။ ယင်းရေငုပ်သင်္ဘောသည် ယခုလတွင် မာရီယာနာချောက်အတွင်း ဆင်းသက်ခဲ့ရာ ရေအနက် ၆၆၇၁၊ ၆၉၆၅၊ ၆၉၆၃ နှင့် ၇၀၂၀ မီတာ ရောက်ရှိခဲ့သည်။ ယခင်နှစ် ဇူလိုင်လက စံချိန်တင်ရောက်ရှိခဲ့သည့် ၅၁၈၈ မီတာကို ကျော်လွန်ခဲ့သည်။ တရုတ်နိုင်ငံ၏ လူလိုက်ပါသည့် ၎င်းရေငုပ်သင်္ဘော ပိုမိုခေတ်မီဖွံ့ဖြိုးစေရန် ရေငုပ်သင်္ဘောနည်းပညာများ တိုးတက်နေသော အမေရိကန်၊ ဂျပန်၊ ပြင်သစ်၊ ရုရှားနိုင်ငံတို့နှင့် ပူးပေါင်းပြီး ဆောင်ရွက်သွားမည်ဖြစ်သည်။ (အပေါ်ပုံ)*

- - - - - - - - - - - - - - - - - - - -

### ယူဂန္ဓာနိုင်ငံအရှေ့ပိုင်းတွင် မြေပြိုမှုဖြစ်ပွား ၁၈ ဦးသေဆုံး၊ အများအပြားပျောက်ဆုံး

*ယူဂန္ဓာနိုင်ငံအရှေ့ပိုင်း ကင်ညာနယ်စပ်အနီးတွင် ကြီးမားသောမြေပြိုမှုကြီးတစ်ခုဖြစ်ပွားပြီး အနည်းဆုံး ၁၈ ဦးသေဆုံးခဲ့သည်ဟု အတည်ပြုခဲ့ကြောင်း ယူဂန္ဓာနိုင်ငံ ကြက်ခြေနီအဖွဲ့က ဇွန် ၂၆ ရက်တွင် ပြောကြားသည်။*

*အဆိုပါမြေပြိုမှုသည် ဇွန် ၂၆ ရက်က အီလ်ဂွန်တောင်အနီးရှိ နစ်မက်နှင့် ဘူနာကာဆာလာကျေးရွာများ၌ မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ထိုသို့ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မြေပြိုမှုကြောင့် ကျေးရွာသုံးရွာမှာလည်း ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်ဟုဆိုသည်။ ဒေသအာဏာပိုင်များ၏ ပြောကြားချက်အရ အဆိုပါမြေပြိုမှုဖြစ်ပွားရာနေရာတွင် ထိခိုက်သေကျေပျက်စီးသူအများအပြားရှိနိုင်ပြီး ကျန်ရှိနေသည့် သေဆုံးသူအရေအတွက် အတိအကျကို မသိရှိရသေးဟုဆိုသည်။ သေဆုံးသူအရေအတွက် ပိုမိုတိုးလာနိုင်ကြောင်းနှင့် အသက်ရှင်ကျန်ရစ်နေသူများအတွက် ရှာဖွေမှုများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း ကြက်ခြေနီအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ကာသီရိန်းနာတာဘတ်ဒီက ပြောကြားခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၀ မတ်လအတွင်းကလည်း အဆိုပါဒေသတွင် မြေပြိုမှုကြောင့် ခန့်မှန်းခြေ လူ ၃၀၀ သေဆုံးခဲ့သည်ဟုဆိုသည်။ (ဆင်ဟွာ)*

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်

နေပြည်တော် ဇွန် ၂၇

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် သစ်တောဦးစီးဌာန (ရုံးချုပ်) အင်ကြင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် ပညာရည်ချွန်ဆုပေးပွဲကို ချီးမြှင့်ရခြင်း ရည်ရွယ်ချက်မှာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် အဆင့်မြင့်မြင့် အောင်မြင်ခဲ့ကြသည့် သားငယ်၊ သမီးငယ်များ၏ ခိုင်မာသော ဇွဲ လုံ့လ၊ ဝီရိယနှင့် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်မှုကို ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ဆက်လက်လျှောက်လှမ်းရမည့် ပညာရေးခရီးတွင် ယခုထက် ပိုမိုကြိုးစားအားထုတ်အောင်မြင်စေလိုသော စေတနာဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ နောင်ဖြေဆိုမည့် ဝန်ထမ်းသားသမီးများကိုလည်း အားကျအတုယူစေရန် ရည်ရွယ်ကြောင်း၊ မျက်မှောက်ခေတ် အခြေအနေသည် ပညာခေတ်ဖြစ်ခြင်းကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိသားစုတစ်ခုချင်း လူမှုစီးပွားဘဝ တိုးတက်ရန် ပညာရည်မြင့်မားသည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုရှိရမည်ဖြစ်ကြောင်း၊ ယခု အောင်မြင်မှုများကို အခြေခံပြီး နောင်အဆင့်မြင့်မားသည့် ပညာရပ်များကို သင်ယူဆည်းပူးရာတွင် ထူးချွန်သည့် ပညာရှင်များဖြစ်အောင် ကြိုးစားစေလိုကြောင်း၊ သို့မှသာ မိမိနိုင်ငံနှင့် လူငယ်များ၏ အနာဂတ်သည် အာမခံချက်ရှိရှိ ခိုင်မာတိုးတက်လာမည်ဖြစ်ကြောင်း၊

ဤနေရာတွင် လူငယ်များကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိတရား ခံယူချက်များ ထားရှိကြရန် အထူးပြုမှာကြားလိုကြောင်း၊ မိမိတို့နေထိုင်သည့် ကမ္ဘာကြီးသည် လူသားများနှင့် သဘာဝပတ်ဝန်းကျင်တို့ အပြန်အလှန် ဆက်စပ်မှီခို အကျိုးပြုနေခြင်း ဖြစ်ကြောင်း၊ သစ်တောသစ်ပင်များအပါအဝင် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ပါမှ လူနှင့် သက်ရှိသတ္တဝါများ ဆက်လက်ရှင်သန်နိုင်မည်ကို အထူးသတိပြုကြရန် လိုအပ်ကြောင်း။

သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသည့် တစ်ဦးချင်းအသိစိတ်နှင့် အမြင်ပေါင်းစပ်ပြီး နိုင်ငံ၏တန်ဖိုးမဖြတ်နိုင်သည့် ရေမြေတောတောင်နှင့် သဘာဝဝန်းကျင်သယံဇာတ အရင်းအမြစ်များကို နောင်မျိုးဆက်သစ်သို့ အမွေခံကောင်းများအဖြစ် လက်ဆင့်ကမ်း လွှဲပြောင်းပေးနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော် စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးရန် မျိုးဆက်တစ်ခုမှ နောင်မျိုးဆက်တစ်ခုသို့ တာဝန်များ ပခုံးပြောင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နောင်ကာလတွင် နိုင်ငံ့တာဝန်များကို မဖြစ်မနေ ထမ်းဆောင်ကြမည့်သူများအနေဖြင့် နယ်ပယ်ကဏ္ဍစုံတွင် ထူးချွန်ပြောင်မြောက်သည့် ပညာရှင်များဖြစ်အောင် လေ့လာသင်ယူ ကြိုးပမ်းအားထုတ်သွားကြရန်လိုကြောင်း ပြောကြားသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးက (၆)ဘာသာ ဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူလေးဦးတို့အား ပညာရည်ချွန်ဆုနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၏ ဇနီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ၎င်းတို့၏ ဇနီးများက(၅)ဘာသာ၊ (၄)ဘာသာနှင့် (၃)ဘာသာ ဂုဏ်ထူးရှင် ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများသည် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် (၆)ဘာသာ ဂုဏ်ထူးရှင် လေးဦး၊ (၅)ဘာသာ ဂုဏ်ထူးရှင် ၁၆ ဦး၊ (၄)ဘာသာ ဂုဏ်ထူးရှင် ၂၃ ဦး၊ (၃)ဘာသာ ဂုဏ်ထူးရှင် ၃၁ ဦး၊ (၂)ဘာသာ ဂုဏ်ထူးရှင် ၃၈ ဦး၊ (၁)ဘာသာ ဂုဏ်ထူးရှင် ၁၁၄ ဦး စုစုပေါင်း ၂၂၆ ဦး ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည်။

ထို့နောက် ဆုရကျောင်းသားကျောင်းသူများကိုယ်စား (၆) ဘာသာ ဂုဏ်ထူးရှင် မရှင်မင်းပြည့်စုံက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ဆုချီးမြှင့်

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာ အောင်မြင်ခဲ့သူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

❒ *ကျောဖုံးမှ*

ယခုနှစ်တွင် ထုတ်ပြန်သည့် အစီရင်ခံစာ၌ ကမ္ဘာ့နိုင်ငံပေါင်း ၁၈၆ နိုင်ငံကို သုံးသပ်ခဲ့ပြီး ၁၇ နိုင်ငံအား အနိမ့်ဆုံးအဆင့်(TIER-3)တွင် သတ်မှတ်ကြောင်း လေ့လာတွေ့ရှိရပြီး ရက်ပေါင်း ၉၀ အတွင်း ထူးခြားသည့် စွမ်းဆောင်မှုမပြုသော ယင်းနိုင်ငံများအပေါ် ကမ္ဘာ့ငွေကြေးအဖွဲ့အစည်းများမှတစ်ဆင့် ငွေကြေးစီးဆင်းမှုမပြုနိုင်ရန် အရေးယူပိတ်ဆို့မှု (Sanction) ချမှတ်မည်ဖြစ်သည်။

အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူကုန်ကူးမှု ကြိုးပမ်းဆောင်ရွက်ချက်များ၊ အရေးပေါ်ခေါ်ဆိုမှု (Hot Line) ထူထောင်၍ ပြည်သူများ၏တိုင်ကြားချက်များ လက်ခံလျက် အရေးယူဆောင်ရွက်မှုများ၊ ရပ်ရွာအခြေပြု စောင့်ကြည့်ရေးအဖွဲ့ ၁၆၅၉ ခု ဖွဲ့စည်း၍ လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေး မြှင့်တင်ဆောင်ရွက်မှုများ ဖော်ပြပါရှိသည်။ အလားတူ ILO နှင့်ပူးပေါင်း၍ ၂၀၁၅ ခုနှစ်အတွင်း အဓမ္မလုပ်အား စေခိုင်းမှုပပျောက်ရေးစီမံချက်ရေးဆွဲ အကောင်အထည်ဖော်မှု၊ အဓမ္မလုပ်အား စေခိုင်းသူများအပေါ် အရေးယူအပြစ်ပေးနိုင်ရန် ဥပဒေသစ် ပြဋ္ဌာန်းမှုနှင့်ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ ကာကွယ်စောင့်ရှောက်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း မှတ်တမ်းတင်ဖော်ပြထားသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်ကစပြီး လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ခဲ့ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဦးဆောင်မှုဖြင့် ငါးနှစ်စီမံကိန်း ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်းနှင့် ၂၀၀၆ ခုနှစ်မှစ၍ ယခုအထိ လူကုန်ကူးသူ ၂၃၂၈ ဦးကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကွင်းဆင်းဆောင်ရွက်

ဇွန် ၂၆ ရက်က မိုးပွင့်အဆင့် (၃) စီမံချက်အရ ရွှေပြည်သာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်သိန်းဦးနှင့် ဝန်ထမ်းများ အမှတ်(၇)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (၁၆၆)

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဇွန် ၂၇

ယနေ့မွန်းလွဲ ၁၂ နာရီ ၁၈ မိနစ် ၀၀ စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၂၄၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (တာချီလိတ်မြို့၏ အနောက်မြောက်ဘက် မိုင် ၂၀ ခန့်အကွာ) ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၃ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

## နိုင်ငံတကာအားကစားသတင်း

မောင်မောင်မြင့်ဆွေ – စုစည်းသည်

## ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၏ လိုက်ဝိတ်ချန်ပီယံလုပွဲ ရစ်ကီဘန်းစ်နှင့် ကီဗင်မိုက်ကယ်တို့ ထိုးသတ်မည်

လန်ဒန် ဇွန် ၂၇

ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၏ လိုက်ဝိတ်တန်းချန်ပီယံခါးပတ်ထိုးသတ်ပွဲအဖြစ် စကော့တလန်လက်ဝှေ့သမား ရစ်ကီဘန်းစ်နှင့် ဗြိတိန်လက်ဝှေ့သမား ကီဗင်မိုက်ကယ်တို့ ဗြိတိန်နိုင်ငံ ဂလက်စ်ဂိုးမြို့၌ လာမည့်စက်တင်ဘာ ၂၂ ရက်တွင် ထိုးသတ်မည်ဖြစ်သည်။ **(အပေါ်ပုံ)**

အသက် ၂၉ နှစ်အရွယ်ရှိ ရစ်ကီဘန်းစ်သည် လက်ဝှေ့ပွဲပေါင်း ၃၆ ပွဲ ထိုးသတ်ခဲ့ရာ ၃၄ ပွဲနိုင်ပြီး နှစ်ပွဲရှုံးမှတ်တမ်းရရှိထားသူဖြစ်သည်။ ရစ်ကီဘန်းစ်သည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက ဩစတြေးလျလက်ဝှေ့သမား မိုက်ကယ်ကက်ဆီဒက်စ်ကို အနိုင်ထိုးသတ်ပြီး လိုက်ဝိတ်ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့သူဖြစ်သည်။

စိန်ခေါ်သူ ကီဗင်မိုက်ကယ်မှာ အသက် ၂၉ နှစ်အရွယ်ရှိပြီး ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလက ဒိုမီနီကန်လက်ဝှေ့သမား ဖီလစ်လိုရာနှင့်ထိုးသတ်ခဲ့ရာ ၁၀ ချီ၌ ဒိုင်ပွဲရပ်ဖြင့် နိုင်ခဲ့သူဖြစ်သည်။

ထို့အတူ ဗြိတိန်လက်ဝှေ့သမား ဂျွန်မာရေးနှင့် ပြီးခဲ့သည့်နှစ် ဇူလိုင်လက ထိုးသတ်ခဲ့ရာ ရှစ်ချီ၌ ဒိုင်ပွဲရပ်ဖြင့် ကီဗင်မိုက်ကယ်က အနိုင်ရရှိခဲ့သည်။ မိမိတို့နှစ်ဦး၏ထိုးသတ်ပွဲသည် အကောင်းဆုံးလက်ဝှေ့ပွဲတစ်ပွဲဖြစ်လာမည်ဟု ကီဗင်မိုက်ကယ်က ပြောကြားသည်။

ကီဗင်မိုက်ကယ်သည် လက်ဝှေ့သမားကောင်းတစ်ဦးဖြစ်ကြောင်း၊ ပြိုင်ဘက်ကောင်းတစ်ဦးဖြစ်ကြောင်း ရစ်ကီဘန်းစ်က ပြောကြားသည်။ **(အင်တာနက်)**

## ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ ရာဖေးလ်နာဒယ် နောက်တစ်ဆင့်တက်

လန်ဒန် ဇွန် ၂၇

အင်္ဂလန်နိုင်ငံတွင် ကျင်းပလျက်ရှိသော ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲကို ဇွန် ၂၇ ရက်က ဆက်လက်ကျင်းပရာ ရာဖေးလ်နာဒယ်က သောမတ်ဇ်ဘီလ်လူစီကို နိုင်ပွဲရရှိပြီး နောက်တစ်ဆင့်တက်ရောက်သွားပြီဖြစ်သည်။

### တက်ရောက်နိုင်ခဲ့

ရာဖေးလ်နာဒယ် **(ယာပုံ)**သည် ဘရာဇီးတင်းနစ်သမား သောမတ်ဇ်ဘီလ်လူစီအား ၇-၆၊ ၆-၂၊ ၆-၃ဖြင့်နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ရာဖေးလ်နာဒယ်သည် ယခုပွဲအနိုင်ရရှိရန် ၂ နာရီ ၁၅ မိနစ်ခန့်မျှကြာအောင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရသည်။ ထို့အတူ ဂျိုကိုဗစ်နှင့်ဖာရီရိုတို့ပွဲတွင် ဆားဘီးယားတင်းနစ်သမား ဂျိုကိုဗစ်က စပိန်တင်းနစ်သမား ဖာရီရိုအား ၆-၃၊ ၆-၃၊ ၆-၁ဖြင့်နိုင်ပွဲရရှိပြီး နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။ တစ်ဖန် ဗြိတိန်တင်းနစ်သမား အင်ဒီမာရေးက ရုရှားတင်းနစ်သမား ဒါဗီဒင်ကိုအား ၆-၁၊ ၆-၁၊ ၆-၄ဖြင့်နိုင်ပွဲရရှိပြီး နောက်တစ်ဆင့် တက်ရောက်ခဲ့သည်။ ထို့အတူ ပြင်သစ်တင်းနစ်သမား ဆွန်ဂါက ဩစတြေးလျတင်းနစ်သမား ဟီဝိတ်အား ၆-၃၊ ၆-၄၊ ၆-၄ဖြင့် နိုင်ပွဲရရှိခဲ့သည်။ ထို့အပြင် ဘယ်လ်ဂျီယံတင်းနစ်သမား ဂိုဖန်က ဩစတြေးလျတင်းနစ်သမား တိုမစ်အား ၃-၆၊ ၆-၃၊ ၆-၄၊ ၆-၄ဖြင့် နိုင်ပွဲရရှိခဲ့သည်။ **(အင်တာနက်)**

## လန်ဒန် ပြေးခုန်ပစ်ပြိုင်ပွဲ အလျားခုန်မယ် ပရော့တာ ဗိုလ်စွဲ



*လန်ဒန် ဇွန် ၂၇*

*၂၀၁၂ လန်ဒန်အိုလံပစ်ပွဲတော်အကြို လန်ဒန်ပြေးခုန်ပစ်ပြိုင်ပွဲကို ဇွန် ၂၆ ရက် နံနက်က ကျင်းပရာ အမျိုးသမီးအလျားခုန်ပြိုင်ပွဲ၌ လန်ဒန်အလျားခုန်မယ် ရှာရာပရော့တာက ၆ ဒသမ ၈၉ မီတာခုန်ပြီး ဗိုလ်စွဲခဲ့သည်။*

### *မျှော်မှန်းထား*

*အသက် ၂၄ နှစ်အရွယ်ရှိ ရှာရာပရော့တာ **(ဝဲပုံ)**သည် လက်ရှိစံချိန်အတိုင်း လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲ၌ အလျားခုန်နိုင်ပါက ရွှေတံဆိပ်ဆုရရှိနိုင်ကြောင်း အင်္ဂလန်ပြေးခုန်ပစ်အဖွဲ့ချုပ်က မျှော်မှန်းထားသည်။*

### *လေ့ကျင့်သွားမည်*

*သူမသည် ၂၀၀၇ ခုနှစ်က အသက် ၂၀ အောက် နိုင်ငံတကာဖိတ်ခေါ်ပြေးခုန်ပစ်ပြိုင်ပွဲ၌ အလျားခုန်ပြိုင်ပွဲတွင် ၆ ဒသမ ၁၇ မီတာခုန်ပြီး ရွှေတံဆိပ်ဆုဆွတ်ခူးရရှိခဲ့သူဖြစ်သည်။ တစ်ဖန် ၂၀၁၂ ခုနှစ် ကမ္ဘာ့အားကစားရုံတွင်း ပြေးခုန်ပစ်ပြိုင်ပွဲ၌ ၆ ဒသမ ၆၃ မီတာ ခုန်နိုင်ခဲ့သော်လည်း ကြေးတံဆိပ်ဆုသာ ဆွတ်ခူးနိုင်ခဲ့သည်။*

*မိမိသည် လာမည့်လ၌ ကျင်းပတော့မည့် လန်ဒန်အိုလံပစ်အားကစားပွဲတော်၌ ရွှေတံဆိပ်ဆုရရှိရေး အနည်းဆုံး ခုနစ်မီတာခုန်နိုင်အောင် လေ့ကျင့်သွားမည်ဟု ပြောကြားသည်။*

*ထို့အတူ အင်္ဂလန်အမြင့်ခုန်မယ် ဘလက်စ်ဒေးက ၄ ဒသမ ၅၀ မီတာခုန်ပြီး ဗိုလ်စွဲနိုင်ခဲ့သည်။ သို့သော် လန်ဒန်အိုလံပစ်ပွဲတော်၌ အနည်းဆုံး ငါးမီတာအထိ အမြင့်ခုန်နိုင်ရေး ကြိုးစားရမည်ဟု ဘလက်စ်ဒေးက ပြောကြားသည်။*

*(အင်တာနက်)*

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး တွေ့ဆုံ

နေပြည်တော် ဇွန် ၂၇

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Dr. Thongloun SISOULITH ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးရုံး၌လာရောက်တွေ့ဆုံပြီး (ဓါတ်ပုံ) နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ရေး၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍတိုးမြှင့်ရေး၊ ရန်ကုန်-ဗီယင်ကျန်းလေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲရေး၊ ရန်ကုန်မြို့သာမက ပုဂံ၊ မန္တလေးအစရှိသော မြို့ကြီးများသို့ လာအိုနိုင်ငံမှ လေယာဉ်တိုက်ရိုက်ပျံသန်းရေးနှင့် လာအိုနိုင်ငံရှိ ဗီယင်ကျန်းကဲ့သို့သော အခြားမြို့များသို့လည်း မြန်မာနိုင်ငံမှ လေယာဉ်တိုက်ရိုက်ပျံသန်းရေး၊ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ အရှေ့အနောက်စီးပွားရေးကော်ရစ်ဒါဖြစ်သော အိန္ဒိယ၊ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်ဆက်သွယ်ရေးလမ်းကြောင်း တည်ဆောက်ခြင်းတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် လာအိုလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# စွမ်းအင်ဝန်ကြီးဌာန ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကျင်းပ

## ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် ဇွန် ၂၇

၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲနှင့်၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦးအား ဂုဏ်ပြုဆုများပေးအပ်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက ငါးဘာသာဂုဏ်ထူးရှင် ခြောက်ဦးနှင့် လေးဘာသာဂုဏ်ထူးရှင် ၁၆ ဦးတို့အား ဂုဏ်ပြုဆုများချီးမြှင့်ကြပြီး ဆုရကျောင်းသား ကျောင်းသူများ၏ ကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပညာသင်ထောက်ပံ့ကြေးများကို နှစ်စဉ်ပေးအပ်လျက်ရှိရာ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၈၀ ဒသမ ၂၅၇ သန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

# မြန်မာရွှေဖွံ့ဖြိုးတိုးတက်ရေး စာနယ်ဇင်းရှင်းလင်း

နေပြည်တော် ဇွန် ၂၇

မြန်မာရွှေဖွံ့ဖြိုးတိုးတက်ရေးအတွက် အများပိုင်ကုမ္ပဏီစတင်တည်ထောင်ခြင်းနှင့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatrium Hotel ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် နာယက ဦးကျော်မြင့်နှင့် UMFCCI မှ ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ အုပ်ချုပ်မှုဒါရိုက်တာဦးကျော်ဝင်းက မြန်မာနိုင်ငံသား ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ အတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ဘဏ္ဍာရေးနှင့်စာရင်းအင်းအတိုင်ပင်ခံ ဦးစိန်ဝင်းက မတည်ရင်းနှီးငွေနှင့် အစုရှယ်ယာများကို စနစ်တကျခွဲဝေသတ်မှတ်ခြင်း၊ အများပြည်သူသို့ရောင်းချရာတွင် စာရင်းဇယားထားရှိခြင်းစသည်တို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ ဥက္ကဋ္ဌဦးခင်မောင်ဟန်က နိုင်ငံတစ်နိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍတွင် အရေးပါလှသည့် ရွှေနှင့်အခြားသတ္တုများတူးဖော်ထုတ်လုပ်ခြင်း၊ အဆင့်မြင့်နည်းပညာဖြင့် အရည်အသွေးမြင့်ထုတ်ကုန်ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်းသိရှိရသည်။

(အောက်ပုံ) (မြန်မာ့အလင်း)

# ယာဉ်လုပ်သားများနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေး

➤ သတင်းမှတ်စုနှင့် ဓာတ်ပုံ-သတင်းစရိုးသည်တစ်ဦး ➤

ရန်ကုန် ဇွန် ၂၇

*နေ့စဉ်နှင့်အမျှ မိုးမလင်းခင်မှ မိုးစုန်းစုန်းချုပ်သည်အထိ လိုင်းကားပေါ်၌ တစ်နေကုန်လုပ်ဆောင်နေရသည့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၏ စိတ်ကျန်းမာရေးသည် လုပ်ငန်းခွင်အတွက် အလွန်အရေးကြီးလှသည်။*

*ယာဉ်တိုက်မှု လျော့နည်းစေရေးအတွက် ရည်ရွယ်၍ စိတ်ပိုင်းဆိုင်ရာအရ ယာဉ်လုပ်သားများသည် လုပ်ငန်းတာဝန်နှင့် ကိုက်ညီမှုရှိ မရှိကို ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီသည် စိတ်ပညာကျွမ်းကျင်သူများဖြင့် သင်တန်းများပေးခြင်း၊ ဟောပြောပို့ချခြင်း၊ စစ်ဆေးခြင်းများကို အစဉ်မပြတ်ဆောင်ရွက်ပေးလျက်ရှိနေကြောင်းကို မထသဗဟိုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။*

*စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးစစ်ဆေးမှုများကို ၂၀၁၀ ခုနှစ်မှ ၂၀၁၂ ခုနှစ် ဇွန် ၁၂ ရက်အထိ ၃၄ ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့အထိ ယာဉ်မောင်းလုပ်သား ၂၆၃၇ ဦး၊ ယာဉ်နောက်လိုက်လုပ်သား ၄၈၁၁ ဦး စုစုပေါင်း ၇၄၄၈ ဦးတို့အား နှုတ်ဖြေ၊ ရေးဖြေနှင့် ကျန်းမာရေးပိုင်းဆိုင်ရာများ စစ်ဆေးပြီးကြောင်းကိုလည်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။*

**ပူးပေါင်းဆောင်ရွက်**

*ထို့သို့ စစ်ဆေးရာတွင် မထသ (ဗဟို)နှင့် ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ် စိတ်ပညာဌာနမှ ပါမောက္ခများ၊ ဆရာ ဆရာမများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။*

*ရေးဖြေမှုအပိုင်းတွင် အေအဆင့်၊ ဘီအဆင့်၊ စီအဆင့်ဆိုပြီး သုံးဆင့်ခွဲခြားစစ်ဆေးခဲ့ကာ အေအဆင့်ဖြေဆိုအောင်မြင်သူ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် စုစုပေါင်း ၆၆၅၇ ဦး၊ ဘီအဆင့်ရသူများအနေဖြင့် ဒုတိယအကြိမ်ပြန်လည်ဖြေဆိုရန် ယာဉ်မောင်း ၁၅၁ဦး၊ ယာဉ်နောက်လိုက် ၄၃၅ဦးရှိပြီး စီအဆင့်ရသူများအနေဖြင့် ခေတ္တဆိုင်းငံ့ခြောက်လပြည့်မြောက်သည့်ကာလ၌ ထပ်မံဖြေဆိုရန် ယာဉ်မောင်း ၇၂ ဦး၊ ယာဉ်နောက်လိုက် ၁၃၃ဦးရှိခဲ့ကြောင်း သိရသည်။*

*နောက်ဆုံးအကြိမ်စစ်ဆေးမှုကို ဇွန်လဒုတိယပတ်အတွင်းက ပြုလုပ်ခဲ့ရာ ယာဉ်မောင်း ၄၃ဦး၊ ယာဉ်နောက်လိုက် ၉၄ဦး စုစုပေါင်း ယာဉ်လုပ်သား ၁၃၇ဦး စစ်ဆေးခံယူနိုင်ခဲ့သည်။*

*ဤသတင်းကို ကြားသိသောမိတ်ဆွေတစ်ဦးက "တကယ်လိုအပ်မှန်ကန်တဲ့ လုပ်ဆောင်ချက်တစ်ခုပါပဲ။ ယာဉ်မောင်း ယာဉ်နောက်လိုက်တွေဆိုတာ နေ့စဉ်နဲ့အမျှ ရာထောင်ချီနေတဲ့ခရီးသည်များနဲ့ ဆက်ဆံနေရတဲ့သူတွေပါ။ သူတို့တွေရဲ့ စိတ်ကမှုမှန်၊ ပုံမှန်ဖြစ်နေမှ အများပြည်သူနဲ့ထိတွေ့ဆက်ဆံရာမှာ အကောင်းဆုံးနဲ့ အမှန်ကန်ဆုံးဖြစ်နိုင်ပါတယ်"ဟုဆိုခဲ့သည်။*

*ရုံးဝန်ထမ်းအမျိုးသမီးတစ်ဦးက "ကားတွေပေါ်မှာဖြစ်နေတဲ့ ပြဿနာတိုင်းက ယာဉ်လုပ်သားတွေကြောင့်ဖြစ်နေသလို၊ အချို့ခရီးသွားတွေရဲ့အတ္တဆန်မှု၊ နားလည်ခွင့်လွှတ်နိုင်စွမ်းနည်းပါးမှုတွေကြောင့်ဖြစ်ရတာပါ။ အများနဲ့စုပေါင်းသွားလာနေရတဲ့ ခရီးသွားပြည်သူတွေ၊ ယာဉ်လုပ်သားတွေက သူ့အပိုင်းနဲ့သူ ပြုပြင်သွားကြမယ်ဆိုရင် အခုလိုကားပေါ်မှာဖြစ်နေတဲ့ပြဿနာတွေနည်းပါးသွားမှာပါ"ဟု မှတ်ချက်ပြုခဲ့သည်။*

ခရီးသွားပြည်သူတို့အတွက် ပြေးဆွဲနေသော မထသယာဉ်အချို့ကို တွေ့ရစဉ်။

# ဘဝအမောပြေ

## ဖြစ်လိမ့်မယ်

### အာကာဟိန်း-ရေးသားသည်

လက်ထပ်ပြီးစ ဇနီးမောင်နှံနှစ်ဦးတို့ အိမ်၌စကားပြောလျက်ရှိရာ ဇနီးဖြစ်သူက ပြောလေသည်။

**ဇနီး ။ ။ ဒါလင်…ဒို့ဘဝတွေ တိုးတက်အောင် ကြိုးစားရမယ်နော်။**

ခင်ပွန်း ။ ။ အေးပါ။

**ဇနီး ။ ။ တိုက်ကြီးကြီးနဲ့ နေချင်တယ်။**

ခင်ပွန်း ။ ။ အင်း။

**ဇနီး ။ ။ နောက်ဆုံးပေါ်ကားကြီးလည်း စီးချင်တယ်။**

ခင်ပွန်း ။ ။ အင်း။

**ဇနီး ။ ။ သားသမီးတွေမွေးပြီးကြီးလာရင်‥ နိုင်ငံခြားမှာ ကျောင်းသွားတက်စေချင်တယ်။**

ခင်ပွန်း ။ ။ အင်း။

**ဇနီး ။ ။ ဒါလင်‥ဘာဖြစ်နေတာလဲ‥ဘာတွေစဉ်းစားနေတာလဲ။**

ခင်ပွန်း ။ ။ ဩော်. . ဒက်ဒီပြောတာသတိရလို့ပါ။

**ဇနီး ။ ။ ဒက်ဒီက ဘာပြောလဲ။**

ခင်ပွန်း ။ ။ ဒက်ဒီကပြောတယ်. . . သား. . အိမ်ထောင်ပြုပြီးရင် ဒက်ဒီ့လိုဖြစ်နေလိမ့်မယ်တဲ့။

**ဇနီး ။ ။ ဒက်ဒီကဘာဖြစ်နေလို့လဲ။**

ခင်ပွန်း ။ ။ နောင်တတွေတဲ့။

**ဇနီး ။ ။ "ဘာ"။**

ဇွန် ၂၄ ရက်က ကျိုက်သလ္လံစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစန်းမြင့်အားရည်စူး၍ မော်လမြိုင်မြို့ ဒိုင်းဝန်းကွင်း ကျိုက်ဖနဲဘုရားလမ်း စက်တန်းရပ်အမှတ် (၅၉)နေ ဇနီးဖြစ်သူ ဒေါ်မြခင်မိသားစုက ဓာတ်လှေကားအသစ်အတွက် ငွေကျပ် သိန်း ၂၀ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးဟန်လွင်နှင့်အဖွဲ့က လက်ခံစဉ်။ (၁၀၇)

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၈-၆-၂၀၁၂ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | နံနက်ခင်းသတင်း |
| ၇း၅၀ | ကိုယ်စိတ်ကျန်းမာလေ့ကျင့်ပါ |
| ၈း၃၀ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၈း၄၀ | International News |
| ၈း၄၅ | တေးဂီတအစီအစဉ် |

**ညပိုင်း**

| | |
|---|---|
| ၄း၀၀ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၂၀ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၄း၅၅ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ) |
| ၅း၁၀ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၅း၃၀ | သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင် |
| ၆း၀၀ | ညနေခင်းသတင်း |
| ၆း၃၅ | ပျော်ရွှင်စေသောနေ့ရက်များ |
| ၇း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **ဆ-ဆရာရှိသေပါ** (အပိုင်း-၁၇) |
| ၈း၀၀ | ပြည်တွင်းသတင်း |
| - | နိုင်ငံတကာသတင်းများ |
| - | မိုးလေဝသအခြေအနေ |
| - | အစာလည်းဆေး၊ဆေးလည်းအစာ |
| - | နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၆၈) |

# ပင်စင်စားကြီးပြောတဲ့ နံနက်စာ ဖြည့်စွက်စာ

ဇော်မျိုးဇော်

ယနေ့ရုံးသို့မသွားမီ အင်းစိန်ရှိမိဘများထံ ခေတ္တဝင်ရောက် တွေ့ဆုံနှုတ်ဆက်ရန်အတွက် နေအိမ်မှ စောစောထွက်ခဲ့သည်။ တက္ကစီတစ်စီးကို တားပြီး သွားမည့်လိပ်စာကိုပြောပြကာ ကားနောက်ခန်းသို့ တက်ထိုင်လိုက်သည်။ ယာဉ်မောင်းထိုင်ခုံနောက်ရှိ ပစ္စည်းစုံထည့်သည့် အိတ်ကလေးတွင် သတင်းစာတစ်စောင်တွေ့သဖြင့် ဆွဲယူဖတ်ကြည့်ရာ ယနေ့ထုတ် ကြေးမုံသတင်းစာဖြစ်နေသည်။ အိမ်မှမထွက်မီ သတင်းစာကို ဖတ်ရှုခဲ့ပြီးဖြစ်သော်လည်း ထပ်မံ၍ လှန်လှောဖတ်ရှုနေမိသည်။ ထို့နောက် ကျွန်တော်က "သတင်းစာကို နေ့တိုင်းကားပေါ်တင်ထားတာလား"ဟု ယာဉ်မောင်းကိုမေးရာ ယာဉ်မောင်းက "ဟုတ်တယ်အစ်ကို၊ သတင်းစာတစ်စောင်မှ ၅၀ ရယ်၊ လက်ဖက်ရည်တစ်ခွက်ဖိုးရဲ့ လေးပုံတစ်ပုံတောင်မရှိဘူး၊ လက်ဖက်ရည်သောက်ရင် ကျွန်တော်တစ်ယောက်တည်းသောက်ရမှာ၊ သတင်းစာဝယ်တင်ထားတော့ ကျွန်တော်လည်းဖတ်ရတယ်၊ ကျွန်တော့်ကားပေါ် လိုက်စီးတဲ့ ခရီးသည်တွေလည်း ဖတ်ရတာပေါ့၊ ပြီးတော့ သတင်းကလည်း စုံတယ်လေဗျာ၊ သိတယ်မဟုတ်လား" ဟု အစချီကာ ယာဉ်မောင်းက သတင်းစာဋ္ဌီကာချဲ့နေသည်။ ကျွန်တော်က "ဟုတ်တာပေါ့၊ ဟုတ်ကဲ့၊ အင်း" လိုက်ရင်း ဒီယာဉ်မောင်းတော်သားပဲ၊ အမြော်အမြင်ရှိတယ်၊ မဆိုးဘူးဟု မှတ်ချက်ပြုမိသည်။ (ကျွန်တော်နှင့် သတင်းစာအကြိုက်ချင်းတူသဖြင့် ဘက်လိုက်မှတ်ချက်ပြုမိသည်ဟုလည်း ဆိုနိုင်ပါသည်။)

ယာဉ်မောင်း၏ သတင်းစာဋ္ဌီကာ နားထောင်ပြီး တလောက ကျွန်တော်တို့ မိသားစု အိမ်တွင်းဘတ်ဂျက်အစည်းအဝေးအကြောင်းကို ပြန်လည်သတိရမိသည်။

ထိုနေ့ မေလကုန်ခါနီးရက်တစ်ရက်ဖြစ်သည်။ ဇွန်လဆန်းလျှင် သားနှင့် သမီးကို ကျောင်းအပ်နှံရန် ပညာသင်နှစ် အသစ်စတော့မည်။ နိုင်ငံတော်အစိုးရက ကျွန်တော်တို့ဝန်ထမ်းများကို ထောက်ပံ့ငွေကျပ် သုံးသောင်း လစဉ်ချီးမြှင့်ခြင်း၊ သားသမီးများ အတန်းကြီးလာပြီဖြစ်ခြင်း စသည့် အကြောင်းများအပေါ်အခြေခံပြီး အိမ်တွင်းဘတ်ဂျက်အစည်းအဝေးကို ယနေ့ညနေပြုလုပ်မည်ဖြစ်ကြောင်း၊ ရုံးဆင်းလျှင် ရုံးမှအလုပ်များ စောစောအပြီးသတ်၍ အိမ်ပြန်လာကာ အစည်းအဝေးကို မပျက်မကွက် တက်ရောက်ရမည့်အကြောင်း အိမ်ရှင်မက အမိန့်တော်ရှိထားသဖြင့် ကျွန်တော်ခါတိုင်းထက် အနည်းငယ်စော၍ အိမ်သို့ပြန်သည်။ အိမ်ရောက်တော့ ထမင်းစားပွဲဝိုင်းမှာ လူစုံနေပြီ။ ကျွန်တော် အပေါ်အင်္ကျီကိုချွတ်ပြီး ဧည့်ခန်းစားပွဲပေါ်မှ ယနေ့ထုတ်ကြေးမုံသတင်းစာကိုယူကာ ဝင်ထိုင်လိုက်သည်။ အိမ်တွင်းဘတ်ဂျက်ကော်မတီ ဥက္ကဋ္ဌ ကျွန်တော့်မဟေသီက စားပွဲထိပ်မှာ မိန့်မိန့်ကြီးထိုင်၍ လက်ထဲတွင် နေ့စဉ်ဈေးစာရင်းမှတ်စုစာအုပ်ကို ကိုင်ထားသည်။ သားနှင့်သမီးက တစ်ဖက်တစ်ချက်မှာ နေရာယူထားသည်။

ဇနီးသည်က စပြီးပြောသည်။ အခုအစည်းအဝေးဟာ နှစ်စဉ် ကျောင်းဖွင့်စအချိန်တွင် ပြုလုပ်နေကျဖြစ်ကြောင်း၊ တစ်ဖက်က နိုင်ငံတော်အစိုးရက လစဉ်ထောက်ပံ့ငွေချီးမြှင့်၍ ဝင်ငွေပိုလာသည်မှာ မှန်ကြောင်း၊ သို့သော် သားနှင့်သမီးမှာ အတန်းကြီးလာပြီဖြစ်၍ လုပ်ပေးစရာများ ပိုလာပြီဖြစ်ကြောင်း၊ ထို့အပြင် စားဝတ်နေရေး၊ သွားလာရေးစရိတ်များမှာလည်း ပိုမိုကြီးမြင့်လာပြီဖြစ်ရာ အစစအရာရာ ချွေချွေတာတာနှင့် စိစစ်သုံးစွဲကြရမည်ဖြစ်ကြောင်းဖြင့် ကုန်ကျစရိတ်များကို တွက်ချက်ပြသည်။ ထို့နောက် ယခုနှစ်အတွက် သုံးစွဲရမည့် သတ်မှတ်ငွေကြေး အချိုးအစားကို ချပြသည်။ မိဘများ၏ ကျန်းမာရေးကို အထောက်အကူပြုရေး၊ ပညာရေး၊ မီးဖိုချောင်၊ သွားလာရေး၊ သာရေး နာရေး စသဖြင့်ပေါ့။

ထို့နောက် အလှည့်ကျတင်ပြရေးအတွက် မေးမြန်းသည်။ သားနှင့် သမီးက ဝယ်နေကျ အပတ်စဉ်ထုတ် အင်တာနက်ဂျာနယ် ဆက်လက်ဝယ်ယူရေးနှင့် တစ်ပတ်စာ မုန့်ဖိုးနှုန်းထားကို အဆိုပြုနေကြသည်။ ကျွန်တော်က ညှိနှိုင်းပေးသည်။ အိမ်တွင်း ဘတ်ဂျက်ဥက္ကဋ္ဌကြီးက ဈေးဆစ်ဖြတ်တောက်ပြီး ခွင့်ပြုပေးသည်။ ကျွန်တော့်အလှည့် ရောက်လာပါသည်။

"ကဲ. . . ကိုယ်တော်ကြီး၊ ရှင့်ရဲ့နေ့စဉ်သတင်းစာ၊ ညအိပ်ရေးပျက်ခံပြီး ဖတ်နေတဲ့ စာအုပ်တွေ၊ သတင်းဂျာနယ်တွေ၊ ဘောလုံးဂျာနယ်တွေကိစ္စကို ဘယ်လိုတွေ လျှော့မယ်ဆိုတာ လင်းစမ်းပါဦး" ဟု ဇနီးသည်က အငေါ်တူးပြီး မေးသည်။

ကျွန်တော် ဇနီးဖြစ်သူကို ကြည့်လိုက်သည်။ ပြောမှာသာပြောပါ ဟူသော မျက်နှာပေးဖြင့် ကျွန်တော့်ကို ကြည့်နေသည်။ သူ့အကြည့်တွင် ကျွန်တော့်ဘက်မှလည်း ကုန်ကျမှုအချို့ လျှော့ပေါ့ပေးစေလိုသည့်ဆန္ဒကို တွေ့ရသည်။ ကျွန်တော် နားလည်ပါသည်။ ကျွန်တော်တို့ဝန်ထမ်းတွေသည် လစဉ်ဝင်ငွေနှင့် ထွက်ငွေ မျှတအောင် အမြဲဆင်ခြင်သုံးစွဲကြရသည်။ အမြဲတမ်း လိုတိုးပိုလျှော့လုပ်ကြရသည်။ ကျန်းမာရေး၊ လူမှုရေး ကိစ္စများအတွက် စုဆောင်းငွေကိုလည်း သတ်မှတ်ကာ ဖယ်ထားရသေးသည်။ မိသားစု၏ ဘဏ္ဍာထိန်းတာဝန်ကို ဇနီးသည်ဖြစ်သူက တာဝန်ယူဆောင်ရွက်ရသည်ဖြစ်ရာ မိသားစုတစ်စုလုံးက ပူးပေါင်းလိုက်နာဆောင်ရွက်နိုင်ပါမှ ဘဏ္ဍာထိန်းကြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နိုင်ပြီး မိသားစုလည်း အကြွေးကင်းကာ စိတ်အေးချမ်းသာစွာ နေနိုင်မည်ဖြစ်ပါသည်။

ကျွန်တော်စပြောသည်။ "သတင်းဂျာနယ်တစ်စောင်ကို ပျမ်းမျှ ၆၀၀၊ တစ်ပတ်ကို သုံးစောင်ဆိုတော့ ၁၈၀၀၊ တစ်လကို ၇၂၀၀ ဆိုတော့များတယ်။ အဲဒီအထဲက အရေးကြီးသတင်းတော်တော်များများကို သတင်းစာတွေထဲက ဖတ်ပြီးဖြစ်လို့ ဒီစရိတ်တွေကို လျှော့ပေးမယ်"

ဇနီးဖြစ်သူ၏ မျက်နှာမှာ အပြုံးရိပ်ကို တွေ့ရသည်။ ကျွန်တော်ဆက်ပြောသည်။

"အားကစားသတင်းတွေ၊ ဘောလုံးပွဲသတင်းတွေ များများစားစား ဖတ်ချင်ပေမယ့် နေ့စဉ်ထုတ်သတင်းစာတွေထဲမှာပါတဲ့ ကမ္ဘာ့အားကစားသတင်း၊ မြန်မာ့အားကစားသတင်းတွေကိုပဲ ဖတ်တော့မယ်။ အားကစားသတင်းဂျာနယ်နှစ်စောင်အတွက် တစ်လကုန်တဲ့ငွေ ၂၄၀၀ ကို လျှော့မယ်"

ဇနီးဖြစ်သူ ကျေနပ်စွာပြုံးရင်း ဈေးစာရင်းမှတ်စုစာအုပ်တွင် မှတ်သားတွက်ချက်နေသည်။

"တချို့စာအုပ်ကောင်းလေးတွေကိုတော့ သင့်သလိုဝယ်ဖတ်မယ်"

ဇနီးဖြစ်သူ မျက်မှောင်အနည်းငယ်တွန့်သွားပြီး ၎င်း၏စာရင်းစာအုပ်တွင် တွက်ချက်၍ အလုပ်ရှုပ်နေပြန်သည်။

"မဖြစ်မနေကတော့"

ဇနီးဖြစ်သူ ဆတ်ခနဲမော့ကြည့်သည်။

"သတင်းစာ လပေးဝယ်နေတာလေးကိုတော့ ဆက်ပြီးယူကြရအောင်" ဟုဆိုကာ ကျွန်တော့်လက်ထဲမှ ယနေ့ထုတ်သတင်းစာကိုပြပြီး သတင်းစာတစ်စောင်၌ သတင်း၊ ဆောင်းပါးမည်မျှပါဝင်သည်၊ မည်မျှကဏ္ဍစုံလင်သည် စသဖြင့် သတင်းစာတစ်စောင်၏တန်ဖိုးကို ဇနီးသည်နှင့် သားသမီးတို့အား စိတ်ရှည်လက်ရှည် ရှင်းလင်းပြသည်။ ကျွန်တော်ရှင်းပြရကျိုးနပ်ပါသည်။ မိသားစုတစ်စုလုံး၏ ကျေနပ်ထောက်ခံမှုအပြည့်ဖြင့် ကျွန်တော်တို့မိသားစု ဘတ်ဂျက်တွင် နေ့စဉ်ထုတ်သတင်းစာများ ဝယ်ယူဖတ်ရှုရေးအဆိုကို အတည်ပြုခဲ့ပြီး မိသားစုအစည်းအဝေး အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။

နေ့စဉ်ထုတ်သတင်းစာများသည် သမိုင်းဝင်မှတ်တမ်းများဖြစ်သည်။ နိုင်ငံတော်အစိုးရ၏မူဝါဒနှင့် ကာလတို၊ ကာလရှည်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဖော်ပြသည်။ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ဖော်ပြသည်။ နိုင်ငံတကာဆက်သွယ်ဆက်ဆံရေးအခြေအနေများကို ဖော်ပြသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများကို ပြည့်စုံစွာ ဖော်ပြသည်။ သတင်းစာပါ ဖော်ပြချက်၊ ကြေညာချက်၊ ကြော်ငြာများကို ထုတ်နုတ်ကိုးကား၍ လုပ်ငန်းများဆောင်ရွက်ရာတွင် အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်အဖြစ် အသုံးပြုကြသည်။ ဝင်ခွင့်စာမေးပွဲများ ဖြေဆိုကြရာတွင်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အထွေထွေဗဟုသုတအတွက် နေ့စဉ်ထုတ်သတင်းစာများကို လေ့လာကိုးကားကြရသည်။ နေ့စဉ်ထုတ်သတင်းစာ၏ ကောင်းကွက်များကို ဖော်ပြရလျှင် ရေးလို့ပင်မကုန်။ သို့ဖြစ်၍ အိမ်တွင်းဘတ်ဂျက်အစည်းအဝေးနေ့တွင် ကျွန်တော်က သတင်းစာတစ်စောင်တွင် သတင်းအချက်အလက်များ မည်မျှပါဝင်သည်ကို သေချာစွာပြုစု၍ ရှင်းပြခဲ့သည်။ ဤဆောင်းပါးကို ရေးသားနေသည့် ၂၅-၆-၂၀၁၂ ရက်ထုတ် ကြေးမုံသတင်းစာတွင် သတင်း၊ ဆောင်းပါးများ မည်မျှပါဝင်သည်ကို ဥပမာအားဖြင့် တင်ပြရလျှင်-

စာမျက်နှာ(၁)တွင် နိုင်ငံတော်သမ္မတ သတ္တသတ္တာဟစေတီတော် ပရိဝုဏ်အတွင်း သစ်ပင်စိုက်ပွဲတော်သို့ တက်ရောက်သည့် သတင်းနှင့်ဓာတ်ပုံကို ဖော်ပြထားပြီး ယနေ့သတင်းအညွှန်းလည်း ပါဝင်သည်။

စာမျက်နှာ(၂)တွင် ကြေးမုံစာတည်းရှုထောင့်၊ မြန်မာနိုင်ငံ အမျိုးသမီးများနေ့ ကြိုဆိုဂုဏ်ပြု တိုင်းရင်းသားရိုးရာအစားအစာ ရောင်းချပွဲသတင်း၊ မြန်မာနိုင်ငံခြားသတင်းထောက်များအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပသည့်သတင်း၊ အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးလဲလှယ်နှုန်း၊ ပါဂျဲရိုးကားနှင့် မော်တော်ဆိုင်ကယ်တိုက်မှုသတင်း စသည့် သတင်း၊ ဆောင်းပါး ငါးပုဒ်၊ မြဝတီရုပ်မြင်သံကြား အစီအစဉ်၊ သစ်ပင်စိုက်ပျိုးရေးနှိုးဆော်သည့် Slogan တစ်ခုနှင့် ထွေလီထွေလာ အရပ်တကာ(ဟာသ)စာတို နှစ်ပုဒ်တို့ ပါဝင်သည်။

စာမျက်နှာ(၃)တွင် သတ္တသတ္တာဟစေတီတော်ပရိဝုဏ်အတွင်း ၂၀၁၂ ခုနှစ်မိုးရာသီသစ်ပင်စိုက်ပွဲတော် သတင်းနှင့်ဓာတ်ပုံ၊ ဟားခါးမြို့တွင် သစ်ပင်စိုက်ပွဲတော်နှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပသည့်သတင်း၊ မော်လူးဒေသ၌ မြို့ပေါ်ရပ်ကွက်များ ၂၄ နာရီ ဓာတ်အားလုံလောက်စွာ ရရှိသည့်သတင်း၊ ရဲချုပ်ဒိုင်းစစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်သတင်း၊ နိုင်ငံတကာအနုပညာရပ်ဝန်းသတင်း စသည့်သတင်း၊ ဓာတ်ပုံပေါင်း ကိုးခုနှင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုဆိုင်ရာ ပညာပေး၊ သတိပေး Slogan တစ်ခုပါဝင်သည်။

စာမျက်နှာ(၄)တွင် တရုတ်အာကာသယာဉ် ရှန်ကျိုး-၉ သတင်း၊ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ အရေးပေါ်အစည်းအဝေး ကျင်းပမည့်သတင်း၊ အီရန်ရေတပ်သတင်း၊ အာဖဂန်နစ္စတန်နိုင်ငံ၏ ပညာရေးကဏ္ဍသတင်း၊ စတန်းဖို့ဒ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ တီထွင်မှုသတင်း၊ ပါပူဝါနယူးဂီနီ၏ ဘာသာစကားကယ်ဆယ်ရေးအစီအစဉ် စသည့်နိုင်ငံတကာ သိပ္ပံပညာ၊ စစ်ရေး၊ နိုင်ငံရေး၊ လူမှုရေးသတင်း၊ ဓာတ်ပုံ ၁၀ ခု ပါဝင်သည်။

စာမျက်နှာ(၅)တွင် တောင်သူလယ်သမားများအတွက် စပါးအပါအဝင် ဈေးကွက်တွက်ခြေကိုက်သော သီးနှံများ ရွေးချယ်စိုက်ပျိုးနိုင်ရေး ပညာပေးဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသတင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပြပွဲ ဖွင့်လှစ်သည့်သတင်း၊ ပညာရည်ချွန် ကျောင်းသားကျောင်းသူများ ဂုဏ်ပြုသတင်း၊ သထုံမြို့၌ မိုးရာသီသစ်ပင်စိုက်ပွဲသတင်း စသည့် စိုက်ပျိုးရေး၊ ပညာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ သတင်း၊ ဓာတ်ပုံ ခုနစ်ခု ပါဝင်သည်။

စာမျက်နှာ(၆) တွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်းပါးတစ်ပုဒ်၊ အနောက်ကြို့ကုန်းလမ်းတစ်လျှောက် ယာဉ်အန္တရာယ် ကြိုတင်သတိပေးသတင်းနှင့် ဓာတ်ပုံ၊ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်တို့ ပါဝင်သည်။

စာမျက်နှာ(၇)တွင် ပြည်ထောင်စုဝန်ကြီး ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဝန်ထမ်းများနှင့် တွေ့ဆုံသည့် သတင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအား ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာခင်း၍ လုံခြုံရေး အကာအရံများ ကာရံကာ အဆင့်မြှင့်တင်မှုများ ဆောင်ရွက်မည့် သတင်း၊ မူးယစ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုပေးပွဲသတင်း၊ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု ဓနုဖြူမြို့၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲသတင်း၊ ဂျပန်နိုင်ငံမှ သင်တန်းတက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသူနှင့် တွေ့ဆုံမေးမြန်းခန်း စသည့် ပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ နိုင်ငံတကာအတွေ့အကြုံနှင့် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးဆိုင်ရာ သတင်း၊ ဓာတ်ပုံကိုးခုနှင့် MRTV-4 အစီအစဉ်တစ်ခု ပါဝင်သည်။

စာမျက်နှာ (၈)နှင့် (၉)တွင် နိုင်ငံခြားရေးဝန်ကြီး ခရီးအေးရှား နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီးထံ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ၊ စကားဝါမြေဖောင်ဒေးရှင်း၏ ပညာရည်ထူးချွန်ဆု ချီးမြှင့်သည့် သတင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များက ရခိုင်ပြည်နယ်ရှိ ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် သတင်း၊ မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်ဖွင့်ပွဲများ ကျင်းပသည့်သတင်း၊ ရေတာရှည်မြို့တွင် သစ်ပင်စိုက်ပျိုးသည့် သတင်းဓာတ်ပုံ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဆောင်းပါးတစ်ပုဒ်၊ ပြင်သစ်နိုင်ငံ ပါရီမြို့၌ မြန်မာဘုန်းတော်ကြီးကျောင်း အောင်မြင်စွာ ပေါ်ထွန်းပြီးစီးမှုသတင်း၊ ဘူမိသိပ္ပံသင်တန်းဖွင့်မည့် သတင်း၊ ရန်ကုန်မြို့ သန့်ရှင်းသာယာရေးအတွက် အမှိုက်များ စနစ်တကျ စွန့်ပစ်နိုင်အောင် ၆၆၀ လီတာဆံ့ အမှိုက်ပုံးပေါင်း ၅၆၀၊ ၂၄၀ လီတာဆံ့ အမှိုက်ပုံးပေါင်း ၁၁၂၈ ချထားမှုနှင့် ပြည်သူများ ပူးပေါင်းပါဝင်ရေးသတင်း၊ မိုးလေဝသအခြေအနေသတင်း၊ မြစ်ရေကြီးခြင်း သတိပေးချက်သတင်းနှင့် လမ်းစည်းကမ်းမလိုက်နာသည့် ဆိုင်ကယ်ယာဉ်တိုက်မှုဖြစ်သတင်း စသည့် နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံရေး၊ ပညာရေး၊ ကယ်ဆယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သာသနာရေး၊ သိပ္ပံပညာ၊ မြို့တော်သန့်ရှင်း သာယာလှပရေး၊ မိုးလေဝသနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာသတင်း၊ ဓာတ်ပုံ ၁၈ ခု ပါဝင်သည်။

စာမျက်နှာ(၁၀)တွင် အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလနှင့်ကာယအလှ ပြိုင်ပွဲသတင်း၊ ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲသတင်း၊ ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲ သတင်းနှင့် ပရီမီယာလိဂ် အားကစားသမားများ အခြေအနေများ ပါဝင်သည့် နိုင်ငံတကာအားကစားသတင်း စသည့် သတင်း၊ ဓာတ်ပုံ ၁၀ ခု ပါဝင်သည်။ စာမျက်နှာ ၁၁ မှ ၁၉ အထိတွင် ပြည်ပခရီးသွား ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အနုပညာ၊ လူမှုရေး၊ ဘာသာရေး၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများဆိုင်ရာအသိပေးချက်များ၊ သတိပေးချက်များ၊ ဖိတ်ကြားမှုများ၊ အကြောင်းကြားချက်များ စသည့် ကြော်ငြာများစွာနှင့် သာရေး၊ နာရေးကြော်ငြာများကို ဖော်ပြထားပါသည်။

စာမျက်နှာ ၂၀ တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ခရိုအေးရှား သမ္မတနိုင်ငံသမ္မတနှင့် ဝန်ကြီးချုပ်တို့ထံသို့ အမျိုးသားနေ့ ဝမ်းမြောက်ကြောင်း ပေးပို့သည့် သဝဏ်လွှာ၊ ပြည်ထောင်စုလွှတ်တော်နာယကနှင့် ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိသတင်း၊ ဒုတိယသမ္မတ၏ဇနီး ၂၀၁၂ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသည့် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်သည့်သတင်း စသည့် အရေးကြီးသတင်း၊ ဓာတ်ပုံခြောက်ခု ပါဝင်သည်။

သို့ဖြစ်ရာ ခြုံ၍ဖော်ပြရလျှင် ၂၅-၆-၂၀၁၂ ရက်ထုတ် ကြေးမုံသတင်းစာတွင် နိုင်ငံတော်သမ္မတ၏ သတင်းအပါအဝင် ကဏ္ဍစုံလင်လှသည့် ပြည်တွင်း/နိုင်ငံတကာ သတင်းဦး၊ သတင်းထူးနှင့်ဆောင်းပါး၊ ဓာတ်ပုံပေါင်း ၇၇ ပုဒ်၊ အထွေထွေနှင့် စီးပွားရေးကြော်ငြာများစွာ ပါဝင်သည်ကို တွေ့ရမည်ဖြစ်သည်။ တစ်နေ့လျှင် ဆောင်းပါးနှင့် သတင်းဦး၊ သတင်းထူးပျမ်းမျှ အပုဒ် ၅၀ ပါဝင်သည့် သတင်းစာ တစ်စောင်ကို ၅၀ ကျပ်နှုန်းဖြင့် ဝယ်ယူဖတ်ရှုရသည်ဖြစ်ရာ သတင်းတစ်ပုဒ်အတွက် ကျသင့်ငွေမှာ တစ်ကျပ် ဖြစ်ပါသည်။ ပညာပေး၊ သတိပေး Slogan များနှင့် ကြော်ငြာများကတော့ အဆစ်ပေါ့။

ထို့အပြင် နိဒါန်းတွင် ကျွန်တော်အစပျိုးခဲ့သည့်အတိုင်း သတင်းစာများကို သမိုင်းဝင်မှတ်တမ်းများအဖြစ် လိုသလို ထုတ်နုတ်သိမ်းဆည်းထားနိုင်သေးသည် မဟုတ်ပါလား။ (၁၉၈၆ ခုနှစ်တုန်းက "စစ်တက္ကသိုလ် ဗိုလ်လောင်းနှင့် အလုပ်သင်ဗိုလ် ဗိုလ်လောင်းများ အလိုရှိသည်" ဆိုသည့် သတင်းစာကြော်ငြာကိုဖြတ်၍ သိမ်းဆည်းထားရာ ကျွန်တော့်ထံတွင် ယနေ့တိုင် အမှတ်ရဖွယ်ရှိနေပါသေးသည်။)

ယနေ့အခါတွင် နေ့စဉ်ထုတ် သတင်းစာများသည် အသွင်အပြင်ရော အနှစ်သာရများပါ ပါဝင်သည့် သတင်းအချက်အလက် ကဏ္ဍစုံလင်စွာဖြင့် ပိုမိုတိုးတက်ကောင်းမွန်လာပြီဖြစ်ရာ တန်ဖိုးရှိလှသည့် သတင်းတစ်ပုဒ်အတွက် ငွေတစ်ကျပ်နှုန်းဖြင့် မတန်တဆ ဈေးသက်သာစွာ ဖတ်ရှုခွင့်ရသည့် အခွင့်အရေးကို ရရှိနေကြောင်း ကျွန်တော်စဉ်းစားမိလေတိုင်းလည်း သတင်းစာထုတ်ဝေသူများကို အားတုံ့အားနာ ဖြစ်နေမိပါသေးသည်။

ထို့ကြောင့် ကျွန်တော်တို့မိသားစု၏ ဘတ်ဂျက်အစည်းအဝေးတွင် သတင်းစာပါ သတင်းတစ်ပုဒ် ဖတ်ရှုရန်အတွက် ကျသင့်ငွေသည် နှစ်ကျပ်သို့မဟုတ် သုံးကျပ်အထိ တိုးမြှင့်သွားသည့်တိုင်အောင် သတင်းစာကို မဖြစ်မနေ ဝယ်ယူဖတ်ရှုမည်သာ ဖြစ်ကြောင်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ အဆိုပါ ဆုံးဖြတ်ချက်အပေါ် စာရှုသူများအနေဖြင့်လည်း စောဒကတက်ဖွယ် မရှိနိုင်ဟု အခိုင်အမာ ယုံကြည်မိပါသည်။

"ဆရာ ရောက်ပါပြီ"

တက္ကစီဒရိုင်ဘာ၏ သတိပေးသံကြောင့် အတွေးအိပ်မက်ထဲမှ ကျွန်တော် လန့်နိုးသွားသည်။

"ဩော်-ဟုတ်ပြီ၊ ကျေးဇူးပဲ ကားဆရာ"

ကျသင့်ငွေပေးချေကာ ကျွန်တော့်မိဘအိမ်ဝင်းထဲ ဝင်ခဲ့သည်။ ကျွန်တော်၏ ဖခင်ဖြစ်သူမှာ ဌာနတစ်ခုမှ အငြိမ်းစားယူပြီး အင်းစိန်တွင် အခြေချနေထိုင်လျက်ရှိရာ အခါအခွင့်သင့်လျှင်သင့်သလို ကျွန်တော်သွားရောက်လည်ပတ် စကားပြောဆိုလေ့ရှိသည်။ ဧည့်ခန်းထဲတွင် မိခင်ဖြစ်သူအား စိပ်ပုတီးကိုင်လျက် တွေ့ရသည်။

"အမေနေကောင်းလား" ဟု နှုတ်ဆက်ရာ အမေက နေကောင်းကြောင်း ပြန်ပြောသည်။ ဖခင်ဖြစ်သူကို မတွေ့သဖြင့် "အဖေရှိသလား အမေ" ဆိုတော့ အိမ်ပေါ်ထပ်ဝရန်တာမှ အဖေက "အဖေ အပေါ်မှာကွ၊ နံနက်စာ ဖြည့်စွက်စာ စားနေတာ"ဟု လှမ်းပြောသဖြင့် ကျွန်တော်အိမ်ပေါ်ထပ်သို့ တက်လိုက်သွားသည်။ ပင်စင်စားအဖေ့ကို ပက်လက်ကုလားထိုင်တွင် သတင်းစာဖတ်လျက် တွေ့ရသည်။ အဖေ့ရှေ့တွင် လည်းကောင်း၊ ဘေးတွင်လည်းကောင်း မည်သည့် စားစရာကိုမျှ မတွေ့ရ။ ထို့ကြောင့် "ဘယ်မှာလဲ အဖေ့ရဲ့ နံနက်စာ ဖြည့်စွက်စာ၊ ဘာမှလည်း မတွေ့ပါလား။ နံနက်စာစာ breakfast ဆိုလည်း breakfast ပေါ့၊ မှီဝဲနေကျ ဆေးတစ်မျိုးမျိုးဆိုလည်း ဆေးပေါ့အဖေရာ၊ ဘာလဲ နံနက်စာ ဖြည့်စွက်စာဆိုတာ၊ ကျွန်တော်တော့ မကြားဖူးပေါင်ဗျာ" ဟု ကျွန်တော်ဆိုတော့ အဖေက "ထိုင် ငါ့သား၊ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းရှင်သန်ဖို့အတွက် မနက်ပိုင်းမှာ မနက်စာစာအဖြစ် အစားအသောက်ကို စားကြရတယ်။ ပြီးတော့ တစ်နေကုန် လုပ်ငန်းဆောင်တာများကို စဉ်းစားစီမံဆောင်ရွက်ခြင်းမပြုမီ မိမိရဲ့ ဦးနှောက်မှာ အသိပညာဗဟုသုတနဲ့ ကမ္ဘာတစ်လွှားမှာ နေ့စဉ်ဖြစ်ပျက်နေတဲ့ အကြောင်းအရာ သတင်းအချက်အလက်တွေကို ဖြည့်ဆည်းပေးဖို့အတွက်ကိုတော့ ဟောဒီ သတင်းစာကို ဖတ်ရတယ်။ ဒါကြောင့် ခန္ဓာကိုယ်အတွက် မနက်စာ အစားအသောက်ကို နံနက်စောစာလို့ခေါ်ပြီး ဦးနှောက်အတွက် နေ့စဉ်ဖြည့်စွက်ရတဲ့ အသိဗဟုသုတကိုတော့ နံနက်စာ ဖြည့်စွက်စာလို့ အဖေက ပြောတာ" ဟု ရှည်ရှည်ဝေးဝေး ရှင်းပြပါသည်။ ထို့နောက် ကျွန်တော်တို့ စကားတွေ တစ်လှေကြီး ပြောဆိုကြပြီးနောက် (ကျွန်တော်က နားထောင်သမားဖြစ်တာ များပါသည်) ရုံးသို့ ဆက်လက်ထွက်ခွာခဲ့ပါသည်။

မိဘအိမ်မှ အပြန်လမ်းတွင် ကျွန်တော့်အဖေ ပင်စင်စားကြီး ပြောသည့် "နံနက်စာ ဖြည့်စွက်စာ" အကြောင်းကိုတွေးပြီး ကျွန်တော်သည် အသက်ထက်ဆုံး နံနက်စာဖြည့်စွက်စာကို စားသွားမည်ဟု သန္နိဋ္ဌာန်ချလိုက်သည့်အပြင် ပြည်သူအားလုံးကလည်း ဦးနှောက်အာဟာရအတွက် နေ့စဉ်မှီဝဲသုံးစွဲရန် မရှိမဖြစ် လိုအပ်သည့် ထိုနံနက်စာ ဖြည့်စွက်စာကို စားဖြစ်အောင် စားကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**● *ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသတင်းမှ***

စတင်ပြီး မီဒီယာကဏ္ဍကို အခြေခံဥပဒေနှင့်အညီ ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် စတင်လေ့လာဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ်တွင် စတင်ပြောင်းလဲဆောင်ရွက်ပေးခဲ့ရာ ယနေ့အခါတွင် ပြုပြင်ပြောင်းလဲမှု အတိုင်းအတာတစ်ခုထိ ရောက်ရှိခဲ့ပြီး ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုအနေဖြင့် ယခုအခါ-

- ပုဂ္ဂလိကမီဒီယာများအနေဖြင့် လွတ်လပ်ကျယ်ပြန့်စွာ ရေးသားဖော်ပြခွင့်ရနေကြပြီ ဖြစ်ပါကြောင်း၊
- ဝန်ကြီးဌာနအပါအဝင် အစိုးရဌာနများအနေဖြင့်လည်း မိမိတို့ ဌာနဆိုင်ရာ ကိစ္စများတွင် ဌာန သတင်းအဖွဲ့များက လွတ်လပ်စွာ သတင်းထုတ်ပြန်ခြင်း၊ ရှင်းလင်းဖြေကြားခြင်းများ ဆောင်ရွက်နေကြပြီဖြစ်ပါကြောင်း၊
- State Media များဖြစ်သော သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား ဌာနများအနေဖြင့်လည်း အသွင်သဏ္ဍာန်၊ မူဝါဒ အနှစ်သာရများပါ သိသိသာသာ ပြောင်းလဲဆောင်ရွက်နေကြပြီ ဖြစ်ပါကြောင်း။

**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း နိုင်ငံပိုင်သတင်းစာများ အသွင်သဏ္ဍာန်နှင့် အနှစ်သာရပြုပြင်ပြောင်းလဲရေး စာတမ်းဖတ်ပွဲတွင် နိဂုံးချုပ်အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ယနေ့ ကျင်းပသော စာတမ်းဖတ်ပွဲသည် State Media များအား တစ်ဆင့်မြှင့် ပြုပြင်ပြောင်းလဲရေး၊ တစ်နည်းအားဖြင့် State Media များ၏ အသွင်သဏ္ဍာန်အနှစ်သာရကို (Public Service Media ) ပြည်သူ့ရေးရာဝန်ဆောင်မှု မီဒီယာ၏ အသွင်သဏ္ဍာန်အနှစ်သာရကို ကူးပြောင်းရေးအတွက် အသိအမြင်ဖလှယ်ရန် နည်းလမ်းအကြံဉာဏ်များ ရှာကြံရယူရန် ရည်ရွယ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူသော State Media များသည် ယခင်က အဓိကအားဖြင့် နိုင်ငံတော်အစိုးရ၏ သဘောထားမူဝါဒများ၊ လုပ်ငန်းစဉ်များ၊ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြည်သူအား ထုတ်ပြန်အသိပေးလိုသော သတင်းအချက်အလက်များကိုသာ ပြည်သူသိရှိအောင် ထုတ်ပြန်ဖော်ပြခဲ့ပါကြောင်း၊ ပြည်သူအခြေပြု သတင်းအချက်အလက်များ၊ ပြည်သူ့လိုလားချက်ဆန္ဒ၊ ပြည်သူ့သဘောထားတုံ့ပြန်ချက်၊ ဝေဖန်ထောက်ပြအကြံပြုချက်များကို ရေးသားဖော်ပြမှုနည်းပါးခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရသစ် စတင်တာဝန်ယူခဲ့သော ၂၀၁၁ ခုနှစ် မတ် ၃၀ ရက် နိုင်ငံတော်သမ္မတကြီးက ၎င်း၏ မူဝါဒမိန့်ခွန်းတွင် "စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ စာနယ်ဇင်းများရဲ့ အခန်းကဏ္ဍကို အလေးထားဖို့လိုကြောင်း၊ စာနယ်ဇင်းများက အပြုသဘောဆောင်တဲ့ အကြံပြုချက်များကိုလည်း အလေးထားဖို့လိုကြောင်း" ဟူ၍ ထည့်သွင်းပြောကြားလမ်းညွှန်ခဲ့ပါကြောင်း၊ ၎င်းမှာ သတင်းမီဒီယာအပေါ် ထားရှိသော နိုင်ငံတော်အစိုးရ၏ မူဝါဒသဘောထားဖြစ်သကဲ့သို့ စာနယ်ဇင်းများ၏ အပြုသဘောဆောင် ဝေဖန်အကြံပြုရေးသားချက်များကို လက်ကမ်းဖိတ်ခေါ်ခြင်းလည်း ဖြစ်ပါကြောင်း။

ထို့ကြောင့် ဤမူဝါဒနှင့်အညီ State Media များသည်လည်း နိုင်ငံတော်အစိုးရ၏ မူဝါဒသဘောထား၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှု၊ ပြည်သူအားအသိပေးတိုက်တွန်းလိုသော အချက်များကို ရေးသားဖော်ပြရုံသာမက နိုင်ငံတော်အစိုးရနှင့် ဌာနအသီးသီးတို့အပေါ် လိုအပ်ချက်များကိုလည်း အပြုသဘောထောက်ပြအကြံပြုချက်များပါ ရေးသားဖော်ပြကြရမည်ဖြစ်ပါကြောင်း၊ ထို့အတူ နိုင်ငံတော်အစိုးရနှင့် ဌာနများ၏ ဆောင်ရွက်မှုများအပေါ် ပြည်သူများ၏ ဆန္ဒသဘောထား တုံ့ပြန်ချက်များ၊ လိုလားချက် စသည်များကိုပါ ထင်ဟပ်ရေးသားဖော်ပြကြရမည်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် State Media များ၏ အသွင်သဏ္ဍာန်အနှစ်သာရသဘောမှ (Public Service Media) ပြည်သူ့ရေးရာဝန်ဆောင်မှု မီဒီယာ၏အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ကူးပြောင်းကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် State Media များကို (Public Service Media) ပြည်သူ့ရေးရာ ဝန်ဆောင်မှုမီဒီယာအဖြစ် ကူးပြောင်းရာတွင် (၁) နိုင်ငံတော်အစိုးရ၏ သဘောထားမူဝါဒများ၊ လုပ်ငန်းစဉ်များ၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရေးသားဖော်ပြရန်၊ (၂) နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာများ၏ လုပ်ကိုင်ဆောင်ရွက်မှုများအပေါ် ပြည်သူများ၏ အမြင်၊ ဆန္ဒသဘောထား၊ လိုလားချက်၊ တုံ့ပြန်ချက်များကိုလည်း ထင်ဟပ်ရေးသားရန်၊ (၃) နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာများ၏ လုပ်ကိုင်ဆောင်ရွက်မှုအပေါ် အပြုသဘောထောက်ပြအကြံပြုချက်များကိုလည်း ရေးသားဖော်ပြရန် ဟူသည့် မျှော်မှန်းချက် (၃)ရပ်နှင့်ညီအောင် ပြုပြင်ပြောင်းလဲတည်ဆောက်ရန်ဖြစ်ပါကြောင်း။

(Public Service Media)ပြည်သူ့ရေးရာဝန်ဆောင်မှုမီဒီယာ၏ သဘောမှာ ကွပ်ကဲမှု၊ ရန်ပုံငွေရယူသုံးစွဲမှု၊ ဝန်ဆောင်မှု၊ Content များမှအစ ကျယ်ပြန့်သောသဘောရှိသည့်အတွက် မိမိတို့အနေဖြင့် ဖြစ်သင့်တာ၊ ဖြစ်နိုင်တာကစတင်ပြီး တစ်ဆင့်ပြီးတစ်ဆင့် ရင့်ကျက်ပြောင်းလဲသွားနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့အတူ နိုင်ငံတော်အစိုးရဌာနဆိုင်ရာများ၊ ပြည်သူများနှင့် မီဒီယာသမားများအားလုံးက နားလည်မှုရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း။

အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ကြရာတွင် ဒီမိုကရေစီကိုမှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ ကျင့်သုံးနိုင်ရေးအတွက် စတုတ္ထမဏ္ဍိုင်ဖြစ်သော စာပေစာနယ်ဇင်းများက ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင် (၃)ရပ်ကို ထိန်းကျောင်းတည့်မတ်ပေးရန်လိုသကဲ့သို့ ပဉ္စမ မဏ္ဍိုင်ဖြစ်သော ပြည်သူများကိုလည်း အသိပညာပေးကြရမည်ဖြစ်ပါကြောင်း၊ ယင်းတာဝန်များကို အောင်မြင်အောင် ထမ်းဆောင်နိုင်ရန် စာပေစာနယ်ဇင်း စတုတ္ထမဏ္ဍိုင်သည်လည်း ၎င်းကိုယ်တိုင် အရည်အသွေးရှိပြီး စစ်မှန်သော စတုတ္ထမဏ္ဍိုင်ဖြစ်ရန် လိုမည်ဖြစ်ပါကြောင်း၊ စစ်မှန်သော စတုတ္ထမဏ္ဍိုင်ဖြစ်ရန် စံ(၅) ချက်နှင့်ပြည့်စုံသင့်သည်ဟု မိမိတို့အခါအခွင့်သင့်တိုင်း နှိုးဆော်တိုက်တွန်းလေ့ရှိပါကြောင်း။

ဤအချက်များသည် ပုဂ္ဂလိကမီဒီယာများအတွက် စစ်မှန်သော စတုတ္ထမဏ္ဍိုင်ဖြစ်ရန် လိုအပ်သောအချက်များဖြစ်သကဲ့သို့ State Media များအနေဖြင့် ပြည်သူ့ရေးရာဝန်ဆောင်မှုမီဒီယာအဖြစ် ကူးပြောင်းရာတွင်လည်း အခြေခံကျသော အချက်များပင်ဖြစ်သည်ဟု ယူဆပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၅၄) အပိုဒ်ခွဲ(က)အရ "နိုင်ငံသားတိုင်းဟာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအလို့ငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်" ရှိမည်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့်ပြောရလျှင် သတင်းနှင့် စာနယ်ဇင်းသမားများ၊ မီဒီယာများသည် ဥပဒေနှင့်အညီ လွတ်လပ်စွာရေးသားပြောဆိုဖော်ထုတ်ခွင့် (Freedom of Expression) ကို ရရှိပြီးဖြစ်ပါကြောင်း၊ သို့သော် ထို (Freedom of Expression)ကို ကျင့်သုံးရာတွင် စာနယ်ဇင်းသမားအနေဖြင့် စာနယ်ဇင်းကျင့်ဝတ်ဟုခေါ်သော Code of Ethicsများ၊ ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများကိုလည်း လိုက်နာစောင့်ထိန်းကြရန် အထူးလိုအပ်မည်ဖြစ်ပါကြောင်း၊ လွတ်လပ်မှုကို ကျင့်သုံးရာတွင် ကျင့်ဝတ်ကိုလိုက်နာထိန်းသိမ်းခြင်း၊ ဆင်ခြင်တုံတရား၊ သတိတရားတို့နှင့် ပေါင်းစပ်ထိန်းညှိခြင်းများလည်း လိုအပ်မည်ဖြစ်ပါကြောင်း။

**ဦးမြတ်သူ(စာရေးဆရာကြီး တက္ကသိုလ်မြတ်သူ) စာတမ်း ဖတ်ကြားစဉ်။** (သတင်းစဉ်)

**မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ် (ငြိမ်း) ဦးရဲမြင့်ဖေ (စာရေးဆရာကြီး မောင်ဖေလှိုင်) စာတမ်းဖတ်ကြားစဉ်။** (သတင်းစဉ်)

**သတင်းစာဆရာ မီဒီယာသင်တန်းဆရာ ဦးရဲနိုင်မိုး၏ စာတမ်းကို စာတမ်းရှင်ကိုယ်စား သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်သောင်း ဖတ်ကြားစဉ်။** (သတင်းစဉ်)

ထို့အတူ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၉ (Article 29 of Universal Declaration of Human Rights) ပါ အချက်များအတိုင်းလည်း လေးစားလိုက်နာကြရမည်ဖြစ်ပါကြောင်း၊ ယင်းအပိုဒ် ၂၉ တွင် ဖော်ပြထားသည်မှာ ဤကြေညာစာတမ်းပါ အခွင့်အရေးများကို ကျင့်သုံးရာတွင် အခြားသူများ၏လွတ်လပ်ခွင့်နှင့်အခွင့်အရေးများကို လေးစားရန်၊ ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ခုတွင် ရှိသင့်၊ ရှိအပ်သည့် ပြည်သူများ၏ အကျင့်စာရိတ္တ၊ တရားဥပဒေစိုးမိုးမှုနှင့် အထွေထွေအကျိုးစီးပွားများကို မထိခိုက်စေရန်အတွက် အလေးဂရုပြုရမည်ဟု ဖော်ပြထားပါကြောင်း၊ ထို့ပြင် ပြည်သူများ၏ နိုင်ငံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ ကွန်ဗင်းရှင်း ပုဒ်မ ၂၀ (Article 20 of International Covenant on Civil and Political Rights)တွင်လည်း လူမျိုးရေး၊ ဘာသာရေး မုန်းတီးမှုများ၊ ခွဲခြားဆက်ဆံမှုများနှင့်အကြမ်းဖက်မှုများကို ဖြစ်ပေါ်စေမည့် လှုံ့ဆော်ရေးသားမှုများ၊ လုပ်ဆောင်မှုများကို ဥပဒေဖြင့် တားမြစ်ရန်လိုအပ်ကြောင်းဖြင့်လည်း ဖော်ပြထားပါကြောင်း။

ဥရောပ လူ့အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း အပိုဒ် ၁၀ (Article 10 of European Convention on HumanRights)တွင်လည်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကိုကျင့်သုံးရာတွင် အမျိုးသားလုံခြုံရေး၊ နယ်မြေပိုင်ဆိုင်မှု၊ ပြည်သူများ၏ လုံခြုံရေးအတွက်လည်းကောင်း၊ ရာဇဝတ်မှုခင်းများကို ကာကွယ်နိုင်ရန်အတွက်လည်းကောင်း၊ ပြည်သူများ၏ အကျင့်စာရိတ္တနှင့် ကျန်းမာရေးအတွက် လည်းကောင်း၊ တရားရေးမဏ္ဍိုင်၏ လွတ်လပ်မှုကို မထိပါးစေရန်အတွက် လည်းကောင်း ရည်ရွယ်ပြဋ္ဌာန်းထားသည့် ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ခုတွင် ရှိသင့် ရှိအပ်သည့်ဥပဒေများ၊ စည်းကမ်းကန့်သတ်ချက်များကို လိုက်နာရန်လိုအပ်သည်ဟုလည်းဖော်ပြထားတာတွေ့ရှိရပါကြောင်း၊ ယင်းတို့မှာမိမိတို့စာနယ်ဇင်းသမားများအားလုံး သိရှိအလေးထားသင့်သော အချက်များဖြစ်သည်ဟု ယူဆပါကြောင်း။

ယခုအခါ Print Media Law ပုံနှိပ်မီဒီယာဥပဒေ(မူကြမ်း)ကို ရှေ့နေချုပ်ရုံးနှင့် နောက်ဆုံးညှိနှိုင်းခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြထားပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရ

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်ချိုနွယ်ဌေးဝင်း မေးမြန်းစဉ်။** (သတင်းစဉ်)

အဖွဲ့က အတည်ပြုချက်ရယူပြီးသည့်အခါ ရှေ့လထဲတွင် စတင်ကျင်းပတော့မည့် စတုတ္ထပုံမှန်လွှတ်တော် အစည်းအဝေးများသို့ တင်သွင်းဆွေးနွေးနိုင်တော့မည်ဖြစ်ပါကြောင်း၊ ယခုရေးဆွဲတင်ပြထားသော ပုံနှိပ်မီဒီယာဥပဒေမူကြမ်းသည် နိုင်ငံတကာစံနှုန်းများ၊ အာဆီယံနိုင်ငံများ၏ ဥပဒေစံနှုန်းများထက် မနိမ့်ကျဘူးဆိုသည်ကိုရော၊ ဤဥပဒေသည် စာပေ၊ စာနယ်ဇင်းများနှင့် စာပေလွတ်လပ်ခွင့်ကို ဟန့်တားပိတ်ပင်ရန်မဟုတ်ဘဲ ဂုဏ်သိက္ခာရှိပြီး စစ်မှန်သော စတုတ္ထမဏ္ဍိုင် ပေါ်ထွန်းလာစေရေးကိုသာ ဦးတည်ရည်ရွယ်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း ထပ်မံအသိပေးပြောကြားလိုပါကြောင်း၊ တစ်ဖက်က Print Media Law ကို အတည်ပြုပြဋ္ဌာန်းနိုင်အောင် ဆောင်ရွက်နေချိန်တွင် အခြားတစ်ဖက်ကလည်း စာပေစိစစ်ရေးမူဝါဒများကို အဆင့်ဆင့်ပြောင်းလဲကျင့်သုံး ဆောင်ရွက်ခဲ့ပါကြောင်း၊ ပုံနှိပ်မီဒီယာဥပဒေ အတည်ဖြစ်လာချိန်တွင် အဆင်သင့်လိုက်လျောညီထွေဖြစ်စေရန် အမြဲတမ်းစာနယ်ဇင်းကောင်စီ ကြိုတင်ဖွဲ့စည်းနိုင်ရေးကိုလည်း သက်ဆိုင်ရာအသင်းအဖွဲ့များထံမှ အကြံဉာဏ်များရယူပြီး စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

တစ်ဆက်တည်း ပြောကြားလိုသည်မှာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းကိုလည်း ပြည်သူ့ရေးရာဝန်ဆောင်မှု အသံလွှင့်လုပ်ငန်း (Public Service Broadcasting) အဖြစ် အဆင့်ဆင့်ကူးပြောင်းနိုင်အောင် စီမံဆောင်ရွက်မည်ဖြစ်ပါကြောင်း။

Public Service Broadcasting ၏ သဘောသဘာဝမှာ-

- တစ်နိုင်ငံလုံးကို လွှမ်းခြုံထုတ်လွှင့်ခြင်း၊
- တစ်နိုင်ငံလုံးရှိဒေသအသီးသီးနှင့်သက်ဆိုင်သည့် သတင်းများ၊ အကြောင်းအရာများကို ဖော်ပြပေးခြင်း၊
- ဘက်လိုက်မှုမရှိ၊ ဓမ္မဓိဋ္ဌာန်ကျကျရေးသားထုတ်လွှင့်ခြင်း၊ စာနယ်ဇင်း ကျင့်ဝတ်များနှင့် အညီဆောင်ရွက်ခြင်း၊
- တိုင်းရင်းသားလူနည်းစုများ၊ အမျိုးသမီးများ၊ ကလေးငယ်များစသည့် အားနည်းသည့် အုပ်စုများအတွက် လိုအပ်သည့် သတင်းအချက်အလက်များ ဖြည့်ဆည်းထုတ်လွှင့်ပေးခြင်း တို့ဖြစ်ပါကြောင်း။

ထို့ကြောင့် မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းကို ပြည်သူ့ရေးရာဝန်ဆောင်မှုအသံလွှင့်လုပ်ငန်းအဖြစ်

**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဦးတင်မောင်သန်း မေးမြန်းစဉ်။** (သတင်းစဉ်)

ပြောင်းလဲရာတွင်လည်း အထက်ပါသဘောတရားများကို လည်းကောင်း၊ ရှေ့တွင်မိမိဆွေးနွေးခဲ့သော မျှော်မှန်းချက်(၃)ရပ်ကိုလည်းကောင်း ဦးတည်ပြီး အဆင့်ဆင့် ပြောင်းလဲတည်ဆောက်သွားရန် ကြိုးပမ်းသွားမည်ဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။

ယနေ့စာတမ်းဖတ်ပွဲ၏ အဓိကအကြောင်းအရာဖြစ်သော သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ သတင်းစာလုပ်ငန်းပိုင်းဆိုင်ရာကို ပြန်ကြည့်မည်ဆိုလျှင် နိုင်ငံပိုင် State Media အဖြစ် နေ့စဉ်သတင်းစာသုံးစောင်ကို ထုတ်ဝေဖြန့်ချိလျက်ရှိပါကြောင်း၊ နိုင်ငံပိုင်သတင်းစာများအနေဖြင့် နိုင်ငံတော်၏ မူဝါဒများ၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ချက်များ၊ နိုင်ငံတော်ပိုင်းဆိုင်ရာနှင့် ဌာနဆိုင်ရာ ထုတ်ပြန်ချက်များကို ပြည်သူများ ပြည့်စုံမှန်ကန်စွာသိရှိနားလည်ခံယူနိုင်စေရန်အတွက် ဦးစားပေးရေးသား တင်ပြလျက်ရှိပါကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံအကျိုးပြု ပြည်သူအကျိုးပြု မီဒီယာအဖြစ် ခံ့ခံ့ညားညား၊ မှန်မှန်ကန်ကန်၊ မျှမျှတတ ရပ်တည်ပြီး ပြည်သူကို ပြန်ကြားပေးနိုင်ရန်၊ အသိအမြင်၊ ဗဟုသုတ၊ အတွေးအခေါ်၊ စိတ်ဓာတ်၊ စည်းကမ်းများ မြှင့်တင်တည့်မတ်ပေးနိုင်ရန်နှင့် ပြည်သူ့ဆန္ဒ၊ ပြည်သူ့အသံ၊ ပြည်သူ့အမြင်ကို ထင်ဟပ်ဖော်ပြပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ State Media ဖြစ်သည်နှင့်အညီ နိုင်ငံတော်ဆိုင်ရာ သတင်းနှင့် မိန့်ခွန်းများ၊ ထုတ်ပြန်ချက်များ၊ နိုင်ငံတော်အဆင့် အခမ်းအနားကြီးများ၊ ဧည့်သည်တော်သတင်းများ၊ တိုင်းကျိုးပြည်ပြု လှုပ်ရှားမှုများအပြင် အခြားစိတ်ဝင်စားဖွယ်ရာများဖြစ်သော အယ်ဒီတာ့အာဘော်၊ ဆောင်းပါး၊ ကဗျာ၊ နိုင်ငံတကာသတင်း၊ နယ်သတင်း၊ မှုခင်းသတင်း၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ အားကစားစသော ကဏ္ဍပေါင်းစုံကို ဝေဝေဆာဆာဖော်ပြနိုင်ရန် အဘက်ဘက်က ပြုပြင်ပြောင်းလဲဖော်ဆောင်နေသည်ကိုလည်း အားလုံးအသိပင်ဖြစ်ပါကြောင်း။

ထို့အတူ မိမိတို့နိုင်ငံတွင်မီဒီယာဥပဒေသစ်များ ပေါ်ပေါက်လာသည့်အခါ ပုဂ္ဂလိကသတင်းစာများ အပါအဝင် မီဒီယာအမျိုးအပြား ပေါ်ပေါက်လာမည် ဖြစ်ပါကြောင်း၊ ထိုမီဒီယာများအထဲတွင် ဘက်လိုက်မှုမရှိဘဲ ရေးသားသော မီဒီယာများရှိမည်ဖြစ်သကဲ့သို့ စီးပွားရေးအကျိုးအမြတ်နှင့် ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲများအရ ရေးသားထုတ်လွှင့်သည့် သတင်းမီဒီယာများလည်း ပါရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ယနေ့နိုင်ငံတကာ မီဒီယာကဏ္ဍကို လေ့လာကြည့်ပါက စီးပွားရေးလုပ်ငန်းကြီးများ၊

**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဦးမြင့်အောင်သန်း မေးမြန်းစဉ်။** (သတင်းစဉ်)

မီဒီယာအုပ်စုကြီးများက သတင်းစာများ၊ မီဒီယာများကို ချုပ်ကိုင်လာပြီး ပြည်သူ့အကျိုးစီးပွားထက် ၎င်းတို့၏ အကျိုးစီးပွားများကို ရှေ့တန်းတင်ဆောင်ရွက်လာမှုများ၊ ကျင့်ဝတ်ချိုးဖောက်မှုများ ပြုလုပ်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ယနေ့ ဗြိတိန်နိုင်ငံတွင် ဖြစ်ပွားနေသည့် News of the World သတင်းစာ၏ ကျင့်ဝတ်ချိုးဖောက်မှုအရှုပ်တော်ပုံဆိုလျှင် လွှတ်တော်နှင့်အစိုးရက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရသည်အထိ ကျယ်ပြန့်ခဲ့သည်ကို တွေ့နိုင်ပါကြောင်း။

ထို့ကြောင့် အနောက်ဥရောပ ဒီမိုကရေစီနိုင်ငံများ၌ပင်လျှင် မီဒီယာလက်ဝါးကြီးအုပ်မှုကို ကာကွယ်ဟန့်တားသည့် ဥပဒေများ ပြဋ္ဌာန်းခြင်း၊ မီဒီယာကျင့်ဝတ်များကို ထိန်းကျောင်းပေးမည့်

လွတ်လပ်သည့် စာ
ပေါ်ပေါက်လာအေ
Public Service
တည်ထောင်ခြင်းတို
လာသည်ကို တွေ့
မိမိတို့နိုင်ငံတွ
ချိန်မှစပြီး ရုပ်မြင်
ထုတ်လွှင့်မှုများကို
တာဝန်ယူဆောင်ရွ
ခုနှစ်နောက်ပိုင်း
များကို နိုင်ငံတေ
ဆောင်ရွက်ခဲ့ရသည
ဖြစ်ပါကြောင်း၊
အသွင်ကူးပြောင်း
တွင် မီဒီယာကဏ္ဍ
ပွင့်လင်းအောင်
ဖြစ်သော်လည်း အ
သည့် အစွန်းရောက်
ရန်၊ ပြည်သူလူထု
သတင်းအချက်အလ
ပေးရန်အတွက်
ဆက်လက်လိုအပ်
သို့သော်လည်း နိုင်င
ဖြင့် အသွင်သဏ္ဍာ
ပြောင်းလဲဆောင်ရွ
ကြောင်း၊ ထို့ကြော
ခန့်ခွဲရေးအပိုင်းမျာ
ဆက်လက် တာဝန်
သတင်းရေးသား
အစဉ်ရွေးချယ်
Public Service M
သဏ္ဍာန်နှင့် အနှစ်
ပြောင်းလဲဆောင်ရွ
ကြောင်း။

ယနေ့စာတမ်း
Mediaကို တာဝန်
ဖော် ဆောင်ရွက်နေ
ဝန်ကြီးဌာနမှ
အတွက် အသိအမြ
အခါများ ပိုမိုတို
သကဲ့သို့ ပြည်ထော
အလိုက် ဖွဲ့စည်း
သော မီဒီယာဆိုင်
son) နှင့် (Me
တာဝန်ရှိသူများအ
အရေးအသားဆိုင်
ရေးဆိုင်ရာ သ
ပိုမိုသိမြင်နားလည်
မိမိတို့ဝန်ကြီးဌာနနှ
မှ တိုးတက်မြင့်တင်
အကူပြုစေမည်ဖြစ်
စာတမ်းရှင်များအပ
လာကြသူအားလုံးက

**သတ္တုတွင်း ... ဦးအောင်ကျော်မိုး ...**

စွာဖြင့် ဖတ်ကြာ
ဆွေးနွေးကြပြီး နိုင်
၏ အနာဂတ်အခါ
နိုင်အောင် State
Service Media သို့
နိုင်အောင် နည်းလ
များ၊ အသိအမြင်
ဝိုင်းဝန်းကြိုးပမ်း
တိုက်တွန်းမေတ္တာ
ပြောကြားသည်။

ထို့နောက် ပြ
ဦးကျော်ဆန်းနှင့်
စာတမ်းရှင်များ စု
တင်ဓာတ်ပုံရိုက်ကြ

ယင်းနောက်
ကျင်းပရာ ပြန်
ပြန်ကြားရေးနှင့်

**ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နိုင်ငံပိုင်သတင်းစာများ အသွင်သဏ္ဍာန်နှင့် အနှစ်သာရပြုပြင်ပြောင်းလဲရေး စာတမ်းဖတ်ပွဲအခမ်းအနား ကျင်းပစဉ်။** (သတင်းစဉ်)

28-6 (08-09).pmd 1 6/28/2012, 4:11 AM

က်ကလည်း စာပေ
ို အဆင့်ဆင့်
ဆောင်ရွက်ခဲ့ပါ
ဟာဥပဒေ အတည်
ဆင်သင့်လိုက်လျော
မြေတေစာနယ်ဇင်း
်ဖွဲ့စည်းနိုင်ရေးကို
အသင်းအဖွဲ့များထံ
ူပြီး စီမံဆောင်ရွက်

်း ပြောကြားလို
ားရေးဝန်ကြီးဌာန
ားနှင့် အသံလွှင့်
ပြည်သူ့ရေးရာ
လွှင့်လုပ်ငန်း (Pub-
dcasting) အဖြစ်
င်းနိုင်အောင် စီမံ
ပါကြောင်း။
vice Broadcast-
ဘာဝမှာ-
ုံးကို လွှမ်းခြုံ
ခြင်း၊
ုံးရှိဒေသအသီးသီး
ိုင်သည့် သတင်း
ကြောင်းအရာများကို
ခြင်း၊
မှုမရှိ၊ ဓမ္မဓိဌာန်
သားထုတ်လွှင့်ခြင်း၊
း ကျင့်ဝတ်များနှင့်
င်ရွက်ခြင်း၊
သားလူနည်းစုများ၊
များ၊ ကလေးငယ်

ပြည်သူများ ပြည့်စုံမှန်ကန်စွာသိရှိနားလည်ခံယူနိုင်စေရန်အတွက် ဦးစားပေးရေးသား တင်ပြလျက်ရှိပါကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံအကျိုးပြု ပြည်သူအကျိုးပြု မီဒီယာအဖြစ် ခံ့ခံ့ညားညား၊ မှန်မှန်ကန်ကန်၊ မျှမျှတတ ရပ်တည်ပြီး ပြည်သူကို ပြန်ကြားပေးနိုင်ရန်၊ အသိအမြင်၊ ဗဟုသုတ၊ အတွေးအခေါ်၊ စိတ်ဓာတ်၊ စည်းကမ်းများ မြှင့်တင်တည့်မတ်ပေးနိုင်ရန်နှင့် ပြည်သူ့ဆန္ဒ၊ ပြည်သူ့အသံ၊ ပြည်သူ့အမြင်ကို ထင်ဟပ်ဖော်ပြပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ State Media ဖြစ်သည်နှင့်အညီ နိုင်ငံတော်ဆိုင်ရာ သတင်းနှင့် မိန့်ခွန်းများ၊ ထုတ်ပြန်ချက်များ၊ နိုင်ငံတော်အဆင့် အခမ်းအနားကြီးများ၊ ညွှန့်သည်တော် သတင်းများ၊ တိုင်းကျိုးပြည်ပြု လှုပ်ရှားမှုများအပြင် အခြားစိတ်ဝင်စားဖွယ်ရာများဖြစ်သော အယ်ဒီတာ့အာဘော်၊ ဆောင်းပါး၊ ကဗျာ၊ နိုင်ငံတကာသတင်း၊ နယ်သတင်း၊ မှုခင်းသတင်း၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ အားကစားစသော ကဏ္ဍပေါင်းစုံကို ဝေဝေဆာဆာဖော်ပြနိုင်ရန် အဘက်ဘက်က ပြုပြင်ပြောင်းလဲဖော်ဆောင်နေသည်ကိုလည်း အားလုံး အသိပင်ဖြစ်ပါကြောင်း။

ထို့အတူ မိမိတို့နိုင်ငံတွင်မီဒီယာဥပဒေသစ်များ ပေါ်ပေါက်လာသည့်အခါ ပုဂ္ဂလိကသတင်းစာများ အပါအဝင် မီဒီယာအများအပြား ပေါ်ပေါက်လာမည် ဖြစ်ပါကြောင်း၊ ထိုမီဒီယာများအထဲ

သတင်းစာဆရာ မီဒီယာသင်တန်းဆရာ ဦးရဲနိုင်မိုး၏ စာတမ်းကို စာတမ်းရှင်ကိုယ်စား သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်သောင်း ဖတ်ကြားစဉ်။
(သတင်းစဉ်)

ု အားနည်းသည့်
ွတွက် လိုအပ်သည့်
ချက်အလက်များ
ထုတ်လွှင့်ပေးခြင်း
ကြာင်း။
န်မာ့ရုပ်မြင်သံကြား
းကို ပြည်သူ့ရေးရာ
ွှင့်လုပ်ငန်းအဖြစ်

တွင် ဘက်လိုက်မှုမရှိဘဲ ရေးသားသော မီဒီယာများရှိမည်ဖြစ်သကဲ့သို့ စီးပွားရေးအကျိုးအမြတ်နှင့် ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲများအရ ရေးသားထုတ်လွှင့်သည့် သတင်းမီဒီယာများလည်း ပါရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ယနေ့ နိုင်ငံတကာ မီဒီယာကဏ္ဍကို လေ့လာကြည့်ပါက စီးပွားရေးလုပ်ငန်းကြီးများ၊

လွတ်လပ်သည့် စာနယ်ဇင်းကောင်စီများ ပေါ်ပေါက်လာအောင် အားပေးခြင်း၊ Public Service Broadcasting များ တည်ထောင်ခြင်းတို့ကို လုပ်ဆောင်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရရှိချိန်မှစပြီး ရုပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လွှင့်မှုများကို နိုင်ငံတော်ကသာ တာဝန်ယူဆောင်ရွက်ခဲ့သကဲ့သို့ ၁၉၆၂ ခုနှစ်နောက်ပိုင်း သတင်းစာထုတ်ဝေမှုများကို နိုင်ငံတော်ကသာ တာဝန်ယူဆောင်ရွက်ခဲ့ရသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း၊ ယနေ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဆောင်ရွက်ချိန်တွင် မီဒီယာကဏ္ဍကိုလည်း ပိုမိုလွတ်လပ်ပွင့်လင်းအောင် ဆောင်ရွက်ရမည် ဖြစ်သော်လည်း အထက်တွင် ဖော်ပြသည့် အစွန်းရောက်မှုများကို ကာကွယ်ရန်၊ ပြည်သူလူထုအတွက် လိုအပ်သည့် သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးရန်အတွက် နိုင်ငံပိုင်မီဒီယာများ ဆက်လက်လိုအပ်နေဦးမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း နိုင်ငံပိုင်မီဒီယာများအနေဖြင့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ပြောင်းလဲဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘဏ္ဍာရေး၊ စီမံခန့်ခွဲရေးအပိုင်းများတွင် နိုင်ငံတော်က ဆက်လက် တာဝန်ယူထားသော်လည်း သတင်းရေးသား တင်ဆက်မှုများ၊ အစီအစဉ်ရွေးချယ် ထုတ်လွှင့်မှုများသည် Public Service Media ၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရများရရှိအောင် ပြောင်းလဲဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ယနေ့စာတမ်းဖတ်ပွဲသည် State Mediaကို တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်နေကြသော ပြန်ကြားရေးဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်းများအတွက် အသိအမြင်၊ ဗဟုသုတ၊အတွေးအခေါ်များ ပိုမိုတိုးပွားရရှိနိုင်မည်ဖြစ်သကဲ့သို့ ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော မီဒီယာဆိုင်ရာ (Contact Person) နှင့် (Media Team)များမှ တာဝန်ရှိသူများအနေဖြင့်လည်း သတင်းအရေးအသားဆိုင်ရာ၊ သတင်းထုတ်ပြန်ရေးဆိုင်ရာ သဘောသဘာဝများကို ပိုမိုသိမြင်နားလည်ပြီး အနာဂတ်တွင် မိမိတို့ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်မြှင့်တင်နိုင်ရေးကို အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စာတမ်းရှင်များအပါအဝင် တက်ရောက်လာကြသူအားလုံးက စိတ်အားထက်သန်

ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က သဘာပတိအဖြစ် ဆောင်ရွက်သည်။

ထို့နောက် စာတမ်းဖတ်ပွဲ ပထမပိုင်းအဖြစ် ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ် ဦးခင်မောင်ကျော်ဒင် (စာရေးဆရာ ကောင်းဈာန်သိမ်း) က "နိုင်ငံပိုင်သတင်းစာများ၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှုများ" စာတမ်းကိုလည်းကောင်း၊ ဦးမြတ်သူ (စာရေးဆရာကြီး တက္ကသိုလ်မြတ်သူ)က " သတင်းစာပြုပြင်ပြောင်းလဲရေးနှင့် သမိုင်းရေးအမြင်" စာတမ်းကိုလည်းကောင်း၊ ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ် (ငြိမ်း) ဦးရဲတင့် (စာရေးဆရာကြီး ရဲတင့်)က "သတင်းစာနှင့် နိုင်ငံခြားသတင်းကဏ္ဍ" စာတမ်းကိုလည်းကောင်း အသီးသီး ဖတ်ကြားကြပြီး စာတမ်းဖတ်ပွဲကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲ ဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ်(ငြိမ်း)ဦးရဲမြင့်ဖေ (စာရေးဆရာကြီး မောင်ဖေလှိုင်)က "သမားရိုးကျပုံစံမှ သွက်လက်ထက်မြက်သော နိုင်ငံပိုင်သတင်းစာများ ဖြစ်ထွန်းရေး"စာတမ်းကိုလည်းကောင်း၊သတင်းစာဆရာ မီဒီယာသင်တန်းဆရာ ဦးရဲနိုင်မိုး၏ "ပိုမိုထက်မြက်အားကောင်းသော သတင်းအရေးအသားနှင့် သတင်းစုဖွဲ့မှုသို့ ပြောင်းလဲရေး"စာတမ်းကို စာတမ်းရှင်ကိုယ်စား သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်သောင်းက လည်းကောင်း၊ စာတမ်းဖတ်ပွဲ တတိယပိုင်းတွင် ဦးမောင်မောင်ဦး (စာရေးဆရာ ဟိန်းလတ်)က "နိုင်ငံတကာမှ နာမည်ကျော် သတင်းစာများ၏ သတင်းတင်ဆက်မှုအခြေအနေနှင့် ပြည်တွင်း၌ ထုတ်ဝေလျက်ရှိသော သတင်းစာများအပေါ် နှိုင်းယှဉ်လေ့လာချက်" စာတမ်းကို လည်းကောင်း အသီးသီး ဆွေးနွေးဖတ်ကြားကြသည်။

အဆိုပါစာတမ်းရှင်များ၏ စာတမ်းများအပေါ် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စာတမ်းရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားကြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက စာတမ်းရှင်များ၏ ဆွေးနွေးချက်များအပေါ် ကောက်နုတ်ဆွေးနွေးပြီး ဝန်ကြီးဌာနအသီးသီးမှ မီဒီယာဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ပြည်သူများ သိသင့်

နယ်ဇင်းလုပ်ငန်းမှ
မေးမြန်းစဉ်။
(သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဦးမြင့်အောင်သန်း မေးမြန်းစဉ်။ (သတင်းစဉ်)

သတ္တုတွင်း ဝန်ကြီးဌာနမှ ဦးအောင်ကျော်မိုး မေးမြန်းစဉ်။
(သတင်းစဉ်)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဦးမောင်မောင်မြင့်ဆွေ မေးမြန်းစဉ်။
(သတင်းစဉ်)

ည်း အထက်ပါ
ို လည်းကောင်း၊
ုးခဲ့သော မျှော်မှန်း
ကောင်း ဦးတည်ပြီး
င်းလဲတည်ဆောက်
ားမည်ဖြစ်သည်ဟု
ာင်း။
ဖတ်ပွဲ၏ အဓိက
်သော သတင်းနှင့်
၏ သတင်းစာ
ကို ပြန်ကြည့်မည်
ate Media အဖြစ်
းစောင်ကို ထုတ်ဝေ
ခြင်း၊ နိုင်ငံပိုင်
ဖြင့် နိုင်ငံတော်၏
က်ရေး လုပ်ဆောင်
တော်ပိုင်းဆိုင်ရာနှင့်
တ်ပြန်ချက်များကို

မီဒီယာအုပ်စုကြီးများက သတင်းစာများ၊ မီဒီယာများကို ချုပ်ကိုင်လာပြီး ပြည်သူ့အကျိုးစီးပွားထက် ၎င်းတို့၏ အကျိုးစီးပွားများကို ရှေ့တန်းတင်ဆောင်ရွက်လာမှုများ၊ ကျင့်ဝတ်ချိုးဖောက်မှုများ ပြုလုပ်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ယနေ့ ဗြိတိန်နိုင်ငံတွင် ဖြစ်ပွားနေသည့် News of the World သတင်းစာ၏ ကျင့်ဝတ်ချိုးဖောက်မှုအရှုပ်တော်ပုံဆိုလျှင် လွှတ်တော်နှင့်အစိုးရက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရသည်အထိ ကျယ်ပြန့်ခဲ့သည်ကို တွေ့နိုင်ပါကြောင်း။

ထို့ကြောင့် အနောက်ဥရောပ ဒီမိုကရေစီနိုင်ငံများ၌ပင်လျှင် မီဒီယာလက်ဝါးကြီးအုပ်မှုကို ကာကွယ်ဟန့်တားသည့် ဥပဒေများ ပြဋ္ဌာန်းခြင်း၊ မီဒီယာကျင့်ဝတ်များကို ထိန်းကျောင်းပေးမည့်

စွာဖြင့် ဖတ်ကြားမေးမြန်းရှင်းလင်းဆွေးနွေးကြပြီး နိုင်ငံပိုင်သတင်းစာများ၏ အနာဂတ်အခန်းကဏ္ဍကို မြှင့်တင်နိုင်အောင် State Media မှ Public Service Media သို့အဆင့်ဆင့်ကူးပြောင်းနိုင်အောင် နည်းလမ်းများ၊ အကြံဉာဏ်များ၊ အသိအမြင်များ ရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမေတ္တာရပ်ခံပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဒုတိယဝန်ကြီးများ၊ စာတမ်းရှင်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် စာတမ်းဖတ်ပွဲကို ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး

ပြီး စိတ်ဝင်စားမှုရှိနိုင်သည့် သတင်းများ၊ ထုတ်ပြန်ချက်များ၊ ပြည်သူများ၏ မျှော်လင့်ချက်သတင်းများကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပိုမိုပူးပေါင်း လက်တွဲဆောင်ရွက်သွားပါရန် တိုက်တွန်းဆွေးနွေးပြောကြားပြီး စာတမ်းဖတ်ပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ယနေ့ စာတမ်းဖတ်ပွဲတွင် စာတမ်းရှင်(၆)ဦးတို့က နိုင်ငံပိုင် သတင်းစာများ အသွင်သဏ္ဌာန်နှင့် အနှစ်သာရပြုပြင်ပြောင်းလဲရေးနှင့် စပ်လျဉ်း၍ စာတမ်း(၆)စောင်ကို ဖတ်ကြားခဲ့ပြီး တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ဝိုင်းဝန်းအကြံပြု မေးမြန်းဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

# ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဗဟိုအဖွဲ့ ပထမအကြိမ်အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၂၇

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး ဦးစီးဌာန၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဗဟိုအဖွဲ့ ပထမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံးအစည်းအဝေး ခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်(**ယာပုံ**)က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၌ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နှီးနွှယ်ဝန်ကြီးဌာနများအားလုံး ဝိုင်းဝန်းဆွေးနွေးကြစေရန် ရည်ရွယ်ပြီး အစည်းအဝေးကို ကျင်းပရခြင်း ဖြစ်ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကူးစက်ရောဂါများကို အထိုက်အလျောက် ကာကွယ်ထိန်းချုပ်လာနိုင်သော်လည်း ဆေးလိပ်ဆေးရွက်ကြီးသောက်သုံးမှုနှင့် နှီးနွှယ်သောကူးစက်ရောဂါမဟုတ်သော နာတာရှည်ရောဂါများဖြစ်ပွားမှု၊ သေဆုံးမှုများတိုးတက်များပြားလာခြင်းကို တွေ့ရကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုးသည် ကျန်းမာရေးကိုသာမက လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ကျန်းမာရေးတို့ကိုပါ ထိခိုက်ပျက်စီးစေကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ နှစ်စဉ်လူဦးရေငါးသန်းကျော်သည် ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲမှုကြောင့် ဖြစ်ပေါ်ရသည့်ရောဂါများကြောင့် သေဆုံးလျက်ရှိကြပြီး သက္ကရာဇ် ၂၀၂၀ ခုနှစ်တွင် ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ဖြစ်ပွားသေဆုံးမှုသည် လူအများသေဆုံးရခြင်း၊

ရောဂါဖြစ်ပွားရခြင်းတို့၏ အဓိကအကြောင်းရင်း ဖြစ်လာနိုင်ကြောင်း။

## အကောင်အထည်ဖော်

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၏အဖွဲ့ဝင်နိုင်ငံဖြစ်လာသည့်အတွက် ကွန်ဗင်းရှင်းပါအချက်များကို အခြေခံသော ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှု ထိန်းချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရန် နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၀၆ ခုနှစ် မေ ၄ ရက်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၅/၂၀၀၆) အဖြစ် ပြဋ္ဌာန်းခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ဆေးလိပ်ဆေးရွက်ကြီး အန္တရာယ်ကင်းဝေးစေရန်အတွက် သဘောတူလက်ခံထားသော ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ပြဋ္ဌာန်းထားသောဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ နှီးနွှယ်ဝန်ကြီးဌာနများအားလုံး ပိုမိုထိရောက်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြစေလိုကြောင်း၊ ယနေ့ အစည်းအဝေးတွင် ဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများ၊ ဌာနအသီးသီးက ဆက်လက်ဆောင်ရွက်ရန်လိုအပ်နေသော လုပ်ငန်းများ၊ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ကျယ်ကျယ်ပြန့်ပြန့်ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြရန် တိုက်တွန်း မှာကြားသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွန့်က မြန်မာနိုင်ငံ အပါအဝင် အရှေ့တောင်အာရှဒေသအတွင်း ဆေးလိပ်၊ ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေပေါ်ပေါက်လာပုံနှင့် ယခုလက်ရှိဖြစ်ပေါ်လျက်ရှိသော အခြေအနေများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်များအထိ ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းရေးကိစ္စ၊ ဥပဒေကို အသက်ဝင်စေမည့် ညွှန်ကြားချက်များ ထုတ်ပြန်ရေးကိစ္စတို့ကို တင်ပြရာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေနှင့်စားသောက်ကုန်ပစ္စည်းများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၂၇

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလော ရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။

## ပြန်လည်ပေးအပ်

အခမ်းအနားတွင် ဦးကြည်ဝင်း-ဒေါ်သိန်းသိန်း မိသားစုက ငွေကျပ်တစ်သောင်းတစ်ထောင်၊ ဦးအောင်စိန်က အဝတ်အထည်တစ်အိတ်၊ ဦးချစ်စိုး-ဒေါ်တင်ကြည် မိသားစုက မာမီးခေါက်ဆွဲ ၁၂ ဖာနှင့် အဝတ်အထည်တစ်ထုပ်၊ ကိုအောင်ရဲသွေး-ဒေါက်တာစန္ဒီအောင်ထက်မိသားစုက ငွေကျပ်နှစ်သိန်းနှင့်လက်ဆွဲအိတ်လေးအိတ်၊ ဦးသောင်းမြင့်-ဒေါ်ခင်မမလေးမိသားစုက အဝတ်အထည်တစ်ထုပ်၊ ဦးစောမြေဝင်း-ဒေါ်မူမူရွှေမိသားစုက ငွေကျပ်တစ်သိန်းနှင့် အဝတ်အထည်သုံးထုပ်၊ ကိုအောင်မြင့်ဦး၏မွေးနေ့အလှူ (ခေတ္တပါပူးဝါးနယူးဂီနီ)က ငွေကျပ်တစ်သိန်းတစ်သောင်းတစ်ထောင်၊ ဦးယောသိတ (အနန္တဂုဏ်ရည်ကျောင်း)က ဆန် ၁၀အိတ်၊ ဒေါက်တာအိသဉ္ဇာလှိုင်က အဝတ်အထည်တစ်ပုံး၊ စောင်တစ်ထုပ်၊ ဦးအောင်သန်း-ဒေါ်ခင်ခင်လေးမိသားစုက အဝတ်အထည်နှစ်ထုပ်၊ အရှင်နန္ဒိယ(မြို့ဦးကျောင်းဆရာတော်)က ငွေကျပ် သုံးသောင်းနှင့် သက်န်း ၁၁ စုံ၊ ထီးငါးလက်၊ ဖိနပ်သုံးရန်တို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင် **(အပေါ်ယာပုံ)** နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့အထိ အလှူငွေရရှိမှုမှာ ငွေ ၁၇၂၂၃၅၅၇၆ကျပ် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဗန်းမော်နှင့် ကသာမြို့၌ မြစ်မင်းရော၏ စိုးရိမ်ရေမှတ်

နေပြည်တော် ဇွန် ၂၇

ဧရာဝတီမြစ်ရေသည် ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဗန်းမော်မြို့တွင် ၁၀၉၄ စင်တီမီတာနှင့် ကသာမြို့တွင် ၉၆၃ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်များဖြစ်သော ၁၁၅၀ စင်တီမီတာနှင့် ၁၀၄၀ စင်တီမီတာ အသီးသီးသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

◆ *ကျော့ဖုံးမှ*

ပုဗ္ဗသီရိမြို့နယ် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ တောင်ဘက်တွင်ရှိသော သပြေတန်းကျေးရွာတွင် နေထိုင်သည့် အဖဦးသူရ ၃၈နှစ်အမိဒေါ်အေးဆင့် ၃၂ နှစ်တို့မှ ၄င်းမျိုးပွားအင်္ဂါနှစ်ခုပါဝင်သည့် ကလေးငယ်ကို ၂၁-၅-၂၀၁၂ ရက် ညနေ ၅ နာရီတွင် ဖွားမြင်ခဲ့ကြောင်း၊ ကလေးမွေးဖွားရာတွင် မိခင်ဖခင်တို့သည် ဒေသထွက်ရှိသော ကျောက်တူးလုပ်ငန်းကို နေ့စားဖြင့် လုပ်ကိုင်နေကြရသဖြင့် ပြည်သူ့ဆေးရုံ (သို့) ပြင်ပဆေးခန်းများသို့ တက်ရောက်မွေးဖွားနိုင်ခြင်းမရှိကြောင်း၊ ရွာအတွင်းရှိ လက်သည်နှင့်ပင် မွေးခဲ့ရကြောင်း၊ ကလေးမီးမဖွားခင် ထူးခြားချက်မှာ မိခင်ကိုယ်ဝန်လေးလပြည့်သော ညဥ့်တွင် မိခင်အား "မေမေ ကျွန်တော်က အခြောက်ကလေးဖြစ်တယ်။ ကျွန်တော့်ကို အောင်မြင်စွာ မွေးဖွားပေးပါ။ ကြီးလာရင် ဖေဖေမေမေတို့ကို လုပ်ကျွေးပြုစုပြီး ကျေးဇူးဆပ်ပါမယ်"ဟု အိပ်မက်ပေးကြောင်း မိခင်ဖြစ်သူ ဒေါ်အေးဆင့်က ပြောကြားသည်။

ကလေး၏ ထူးခြားချက်မှာ မျိုးပွားအင်္ဂါနှစ်ခုတွင် ကျားအင်္ဂါမှာ အထက်ကဖြစ်၍ ကျားအင်္ဂါ၏ အောက်ဘက်ကပ်လျက်တွင် မအင်္ဂါပါရှိသည်။ မွေးသည့်နေ့မှစ၍ မအင်္ဂါမှ ဆီးသွား၍တစ်လသားပြည့်မြောက်သောအခါ ကျားအင်္ဂါမှ ဆီးသွားကြောင်းသိရသည်။ ကလေး၏ မိခင် ဖခင်တို့သည် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် သပြေတန်းဇာတိဖြစ်ပြီး ၂၀၀၇ ခုနှစ်မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး တည်ထားရာတွင် ပန်းရန်လုပ်သားအဖြစ် ဝင်ရောက် လုပ်ကိုင်ခဲ့ပြီး ယခုကလေးအပါအဝင် သားသမီး ငါးဦးထွန်းကားခဲ့ကြောင်း သိရသည်။ "ကျွန်တော်တို့ကတော့ ကျွန်တော်တို့ရဲ့ ရင်သွေးလေးကို သေချာပြုစုစောင့်ရှောက်မှာပါ။ ကျွန်တော်တို့ကနေ့လုပ် နေ့စားတွေပါ၊ ယခုကလေးက တစ်လသားပြည့်ခဲ့ပါပြီ၊ ကလေးမှာမျိုးပွားအင်္ဂါနှစ်ခုပါခဲ့ပေမယ့် ဒီနေ့အချိန်ထိ ကလေးမှာ ဝေဒနာခံစားမှုတော့မဖြစ်သေးပါဘူး၊ ဒီကလေး လေးနှစ်သားလောက်မှာတော့ ဆရာဝန်တွေနဲ့ပြသပြီး ခွဲစိတ်မှုတော့ ပြုလုပ်ပါမယ်။ ယခုငယ်ရွယ်တဲ့ အချိန်မှာတော့ ကလေးကို ခွဲစိတ်မှုမပြုသေးပါဘူး"ဟု မိခင်ဖခင်နှစ်ဦးမှ ပြောကြားသည်။ ယခုရက်ပိုင်းတွင် မျိုးပွားအင်္ဂါနှစ်ခုပါဝင်သော ကလေး၏ ထူးခြားမှုကြောင့် ပုဗ္ဗသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်မှ ဒေသခံများ စိတ်ဝင်တစား လာရောက်ကြည့်ရှုလျက်ရှိကြကြောင်း တွေ့မြင်ရသည်။ ။

**ဇွန် ၂၆ ရက်က မော်ဘီမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းရှိန် ဖတ်ကြားစဉ်။**
(မြို့နယ်ရဲတပ်ဖွဲ့)

# သဘင်သက်ကြီးပူဇော်ပွဲနှင့် လုပ်သားဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၇**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် သဘင်ပညာရှင်များအစည်းအရုံးက ကြီးမှူးကျင်းပသော (၃၄)ကြိမ်မြောက် သဘင်သက်ကြီးပူဇော်ပွဲနှင့် လုပ်သားဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၅ ရက်က မြို့နယ်သဘင်ပညာရှင်များအစည်းအရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးရဲဒွေး **(အပေါ်ပုံ)**၊ အတွင်းရေးမှူး ဦးအောင်တင်ဝင်းနှင့် မြို့နယ်သဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဦးတိုင်းကျော်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် မြို့နယ်သဘင်ပညာရှင်များအစည်းအရုံးဝင် ၂၀၀ တို့က သက်ကြီးသဘင်ပညာရှင် ၂၅ ဦးတို့အား လှူဖွယ်ပစ္စည်းနှင့် ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ဆက်လက်၍ မြို့နယ်သဘင်ပညာရှင်များအစည်းအရုံး၏ တစ်နှစ်တာ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများကို မြို့နယ်အလုပ်အမှုဆောင် ဘဏ္ဍာရေးမှူး ရွှေမြိုင်ဝင်းကြည်က ဖတ်ကြားရှင်းလင်းပြီး တစ်နှစ်တာလုပ်ဆောင်ခဲ့ကြသည့် ကာယလုပ်သား ၇၉ ဦးတို့အား မြို့နယ်အလုပ်အမှုဆောင်တို့က ထောက်ပံ့ငွေများကို တစ်ဦးချင်းထံ ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(၁၀၇)**

**ရန်ကုန် ဇွန် ၂၇**

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းမှကြီးမှူး၍ဇွန် ၂၉ရက်(သောကြာနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် MICTDC၊ Conference Hall တွင် နော်ဝေနိုင်ငံရှိ Opera Software Company.Ltd.,မှ နည်းပညာအရာရှိချုပ်ဖြစ်သူ Mr. Hakon Wium Lie မှ အနာဂတ်ကာလတွင် အသုံးပြုလာမည့် World Wide Web နည်းပညာများ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်သည်။

Mr. Hakon Wium Lie သည်

## နည်းပညာဟောပြောပွဲကျင်းပမည်

World Wide Web ၏ အဓိက နည်းပညာတစ်ခုဖြစ်သော Cascading Style Sheets (CSS) ကို စတင်အဆိုပြုတင်သွင်းခဲ့သူ ဖြစ်သည်။ အဆိုပါဟောပြောပွဲတွင် Web နည်းပညာဖြစ်ပေါ်ပြောင်းလဲလာပုံ၊ လက်ရှိအသုံးပြုနေသော Web နည်းပညာများနှင့်တကွ အနာဂတ်ကာလတွင် မိုဘိုင်းလ်ဖုန်းများအပါအဝင် Device ပေါင်းစုံ၌ Web ကို အဆင်ပြေချောမွေ့စွာဖြင့် ဘာသာစကားပေါင်းစုံမှ အဆိုပြုနိုင်မည့်နည်းပညာများကို ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါ ဟောပြောပွဲကို လက်ရှိ Software Developer၊ Web Designer၊ Web Developerအဖြစ် အလုပ်လုပ်နေသူများ၊ Computer နည်းပညာကိုလေ့လာနေသော ကျောင်းသား ကျောင်းသူများနှင့် နောက်ဆုံးပေါ် IT နည်းပညာကို စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက် ဆွေးနွေးနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) MICTDC၊ ဖုန်း-၆၅၂၂၇၆၊ ဖုန်း-၀၉-၇၃၀၈၈၃၀၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(ကွန်ပျူတာပညာရှင်အသင်း)**

**ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သစ်တောဦးစီးဌာနက ကျေးရွာပိုင် သစ်မာစိုက်ခင်းတစ်ဧက စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၁၇ ရက်က ရွာမကျေးရွာအုပ်စု၊ ဆိုင်းစုကျေးရွာတွင် ကျင်းပရာ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းသန်းနှင့် သစ်တောဝန်ထမ်းများ၊ ရွာမကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်နှင့်ကျေးရွာသူကျေးရွာသားများ ယူကလစ်ပင် ၁၂၀၀ကျော်ကို စုပေါင်း စိုက်ပျိုးကြစဉ်။** (မြို့နယ်သစ်တော)

## စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

**တပ်ကုန်း ဇွန် ၂၇**

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးလက်နေ ပြည်သူများ စာဖတ်သည့်အလေ့အထကောင်းများဖြစ်ပေါ်စေရေးနှင့် ကျေးလက်စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးခိုင်မာစေရေးကို ရည်ရွယ်၍ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း (၁/၂၀၁၂)ကို ဇွန် ၂၄ ရက် နံနက် ၉ နာရီက နေပြည်တော်ကောင်စီနယ်မြေတပ်ကုန်းမြို့နယ် ဆင်သေကျေးရွာ ပညာ့အားမာန်စာကြည့်တိုက်၌ ဖွင့်လှစ်ပို့ချခဲ့ရာ မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်က စာကြည့်တိုက်ပညာမိတ်ဆက်စကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ဆင်သေ၊ ချိုကြီး၊ ကြံဘို၊ လက်ပန်တောကျေးရွာတို့မှ စာကြည့်တိုက်ကော်မတီဝင် သင်တန်းသား ၂၁ဦးတက်ရောက်ခဲ့ကြပြီး စာကြည့်တိုက်ပညာ ဘာသာရပ်များကို မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်၊ မြို့နယ်စာ/ထောက်-၃ ဒေါ်သန်းသန်းနွယ်၊ မြို့နယ်ဓာတ်ပုံကျွမ်းကျင်-၂ ဦးတင်စိုးလွင်တို့က သင်တန်းပို့ချခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မှုခင်းကျဆင်းရေး သဃ်န်းကျွန်းမြို့နယ်၌ ဟောပြော

**ရန်ကုန် ဇွန် ၂၇**

မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဇွန် ၂၂ ရက် ည ၈ နာရီက သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးကိုက ရပ်ကွက်တွင် မှုခင်းကျဆင်းရေးဆောင်ရွက်ချက်များပြောကြားပြီး သုဝဏ္ဏရဲတပ်ဖွဲ့ စခန်းမှူးရဲအုပ်အောင်ကြီး **(အပေါ်ပုံ)**က မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးများနှင့် စပ်လျဉ်း၍ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရှိရသည်။ **(စမ်းစမ်းကြည်)**

**မြန်မာ့အလင်း** **မှုခင်းသတင်း**

## လှေလုပ်သားချင်းစကားများရာမှ လူသတ်မှုဖြစ်ပွား

**ကဒုံကနိ ဇွန် ၂၇**

ဘိုကလေးမြို့နယ် အရှေ့ဂရက်ကြီးမြစ်ဝတွင် ဇွန် ၁၈ ရက်က လှေလုပ်သားချင်းစကားများရာမှ လူသတ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရန်ကင်းရန်ရှင်းလမ်းနေ ဦးအောင်သန်းမောင် ၅၃ နှစ် (ဘ-ဦးဘိုကြီး) ပဲ့နင်း၏ လင်းရောင်သစ် -၄ ငါးဖမ်းစက်လှေသည် ဘိုကလေးမြို့နယ် အရှေ့ဂရက်ကြီး မြစ်ဝအရောက်၌ လှိုင်းလေထန်လာသဖြင့် လှိုင်းခိုရပ်နားနေခဲ့သည်။ ထိုစဉ် လှေလုပ်သား ထွန်းမင်း ၃၀ (ဘ-ဦးဟန်ကြည်)လှိုင်သာယာမြို့နယ်နေသူနှင့် သန့်ဇင်ဦး ၂၇ နှစ် (ဘ- ဦးလှမျိုးအောင်) မော်ဇက်ရပ်ကွက် ဒလမြို့နယ်နေသူတို့နှစ်ဦးသည် စကားများကြရာမှ သန့်ဇင်ဦးက သစ်သားတုတ်ဖြင့် ရိုက်နှက်လိုက်သဖြင့် ထွန်းမင်း၏ ဦးခေါင်း ယာချိုစောင်းတွင် တစ်လက်မခန့် ပေါက်ပြဲဒဏ်ရာရရှိပြီး ရေထဲသို့ ပြုတ်ကျသွားခဲ့သည်။ ထို့နောက် လိုက်လံရှာဖွေကြရာ ဇွန် ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ရွှေစာရံချွန်းသောင်စပ်၌ ထွန်းမင်း၏ အလောင်းကို ပြန်လည် တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။

**အရေးယူထား**

ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူအား ကဒုံကနိရဲစခန်းမှ အရေးယူထားကြောင်း သိရှိရသည်။ (၀၇၇)

## ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

**ကျိုင်းတုံ ဇွန် ၂၇**

၂၀၁၂-၂၀၁၃ ခုနှစ် ပညာသင်နှစ်အတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) စက်မှုလယ်ယာဦးစီးဌာန၏ ဝန်ထမ်းသားသမီးများအား ရွှေထယ်ထရေးဒင်းကုမ္ပဏီလီမိတက်မှ ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲကို ဇွန် ၁၀ ရက် နံနက် ၉ နာရီခွဲက အမှတ်(၂) ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂) ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရေး စီမံကိန်းရုံး ညွှန်ကြားရေးမှူးဦးမြင့်သိန်းနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွဲဖက်ပြည်နယ်ဦးစီးဌာနမှူး ဦးအောင်သန့်တို့က အမှာစကားပြောကြားပြီး ဝန်ထမ်း ၂၈ ဦး၏ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်တို့တွင် ပညာသင်ကြားနေသော သားသမီး ၄၈ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေး စုစုပေါင်း ငွေကျပ် ၄၇၀၀၀၀ ကို ညွှန်ကြားရေးမှူး၊ တွဲဖက်ပြည်နယ်ဦးစီးဌာနမှူးတို့က ပေးအပ်ကြကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

## ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဂျပန်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဇွန် ၂၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်သည် ဂျပန်နိုင်ငံ တိုကျိုမြို့နှင့် နာဂိုယာမြို့များ၌ ASEAN-Japan Center မှ ကျင်းပမည့် Myanmar Investment Seminar သို့ တက်ရောက်ရန် ဇွန် ၂၄ ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားရာ ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအေးလွင်၊ ဒေါ်ခိုင်ခိုင်နွယ်နှင့် အသင်းချုပ်မှ တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရှိရသည်။

**(ကုန်သည်/စက်မှုအသင်းချုပ်)**

## ပေါင်းတည်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**ပေါင်းတည် ဇွန် ၂၇**

ပြည်ခရိုင် ပေါင်းတည်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး၏ မိုးပွင့်အဆင့် (၃) စီမံချက်အရ ဇွန် ၂၃ ရက်က ဘိုးသာအောင်ကုန်းကျေးရွာအုပ်စုတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ပုံ)** ထို့နောက် မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းမြင့်နှင့် ဝန်ထမ်းများကွင်းဆင်းဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၃ ကတ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှဖေက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်လဝက)**

## ပေါင်းစနစ်ဖြင့် ပျိုးထောင်ခြင်းပြသ

**သာယာဝတီ ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် တောင်သူဦးကြည်စိန် စိုက်ပျိုးမြေတွင်ဆင်းသွယ်လတ်မိုးစပါးပျိုးထောင်စိုက်ပျိုးခြင်းကို အိန္ဒိယ နိုင်ငံမှပေးပို့သော လက်တွန်းထွန်စက်ဖြင့် သရုပ်ပြ ထွန်ယက်ပြီး ကောက်စိုက်စက်ဖြင့် ပျိုးထောင်ခြင်းပြပွဲကို ဇွန် ၂၁ ရက်က ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးဦးလှမျိုးက တောင်သူများနှင့်တွေ့ဆုံ၍ လယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါင်းစနစ်ဖြင့် ပျိုးထောင်မှုနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။ **(အောက်ပုံ)**

**(မြို့နယ်စိုက်ပျိုးရေး)**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ပြင်ဦးလွင်၌ ကျင်းပ

**ပြင်ဦးလွင် ဇွန် ၂၇**

(၂၅)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၈ နာရီက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုထံမှ ပေးပို့သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ သဝဏ်လွှာကို ပြင်ဦးလွင်ခရိုင်အုပ်ချုပ်ရေးမှူးက ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ (၁၄၇)

**စာအုပ်စာပေ လှူ့မိတ်ဆွေ**

**မြန်မာ့အလင်း** **စာတည်းထံပေးစာများ**

## လမ်းပေါ်ရှိကုန်စုံဆိုင် ဖယ်ရှားပေးစေလို

**စာတည်းရှင့်-**

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၈)ရပ်ကွက် ဗိုလ်ဇော်ဂျီလမ်းနှင့် ကံ့ကော်လမ်းထောင့်ရှိ ကုန်စုံဆိုင်တစ်ဆိုင်သည် လမ်းပေါ်၌ အခိုင်အမာဆောက်လုပ်ရောင်းချနေပါသဖြင့် အများပြည်သူများ သွားလာရာတွင် အနှောင့်အယှက်ဖြစ်ရပါသောကြောင့် အဆိုပါကုန်စုံဆိုင်ကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ဒဂုံမြို့သစ်သူ**

## မြစ်သဲလုပ်ငန်း ဆူညံလွန်း

**စာတည်းခင်ဗျား-**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့အရှေ့ပိုင်း ငွေသောင်ယံ(၁) ရပ်ကွက်တွင် မြစ်သဲလုပ်ငန်းများလုပ်ကိုင်လျက်ရှိရာ မြစ်သဲသယ်မော်တော်မှ သဲစုပ်သည့် အင်ဂျင်သံ၊ သဲသယ်မော်တော်ယာဉ်ကြီးများနှင့် ထော်လာဂျီများမှ အင်ဂျင်စက်သံများမှာ ရပ်ကွက်အတွင်းနေပြည်သူများ နားမခံနိုင်အောင် ဆူညံလွန်းပါသဖြင့် အဆိုပါလုပ်ငန်းကို ရပ်ကွက်အတွင်းမှ ပြောင်းရွှေ့ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ကျောက်တန်းသား**

## ဆန်စက်မှုစပါးခွံကိစ္စ ဆောင်ရွက်ပြီးဖြစ်

၁၄-၆-၂၀၁၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဝါးခယ်မမြို့ တရုတ်တန်းရပ်ကွက်ရှိ ဆန်စက်တစ်စက်မှ ထွက်ရှိသော စပါးခွံမှုန့်ကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

# AMERICAN VISION

PROFESSIONAL EYE CARE CENTER

Branded



ROAD

BROADWAY

Public

Glory

Golden State



**ဖခင်အမည်မှန်**

ကျောက်ဆည်မြို့၊ အထက-၃၊ တက္ကသိုလ်ဝင်တန်း(C)မှ မယဉ်မျိုးဦး ၉/ကဆန(နိုင်)၁၅၈၂၃၂၏ ဖခင်အမည်မှန်မှာ ဦးလှမင်း ၉/တတဥ(နိုင်)၀၈၃၂၃၅ ဖြစ်ပါကြောင်း။ **ဦးလှမင်း**



**ဖခင်အမည်မှန်**

အထက(၃)၊ဗိုလ်တထောင် Grade (V-A) မှ မယွန်းကေသွယ်လှ၊ Grade (I-A)မှ မယွန်းရွှေစင်လှတို့၏ ဖခင်အမည်မှန်မှာ ဦးအုစ်မာန်(ခ)ဦးကျော်နိုင်ဖြစ်ပါကြောင်း။**ဦးအုစ်မာန်(ခ)ဦးကျော်နိုင်**



**အမည်ပြောင်း**

မင်္ဂလာဒုံမြို့နယ်၊ ပန်းခြံကုန်း(လ·ထ·ခ)နေဦးမြင့်သောင်း၏သား မောင်ဝေယံအောင် ၁၂/မဂဒ(နိုင်)၁၄၁၉၀၇ ကို မောင်လွှမ်းမိုးခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်လွှမ်းမိုးခန့်**



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ ကျမ်းစာသင်ကျောင်းလမ်း၊ အမှတ် ၁၀၂၄ဟုခေါ်တွင်သော အဆောက်အအုံတည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ် ၆ အက်(ဖ်)၊ မြေကွက်အမှတ် ၈၊ ၉၊ ၁၀/က၊၁၁/ခ၊ ၁၂/ခ၊ မြေဧရိယာ ၀ဒသမ၁၆၆ ဧကရှိ (အစိုးရမြေ) မြေကွက်အား ဦးထင်ချို ၁၂/မရက(နိုင်)၀၇၇၂၁၂ အမည်ဖြင့် အထူးဂရန်ခွင့်ပြုပြီးဖြစ်သော်လည်း ဦးထင်ချို ကွယ်လွန်သွားသဖြင့် ဇနီးဖြစ်သူဒေါ်သန်းမူ ၁၂/မရက(နိုင်)၀၁၃၉၈၇ မှ ၄င်း၏အမည်ဖြင့် အထူးဂရန် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ဒေါ်သန်းမူ ၁၂/မရက(နိုင်)၀၁၃၉၈၇ အမည်ဖြင့် နှစ် ၆၀ မြေငှားစာချုပ် (အထူးဂရန်) ထုတ်ပေးမည် ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ အထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**


❀ ❀ ကိုသစ္စာ----ရေးသည် ❀ ❀

# ရုပ်ရှင်မင်းသမီး မီရင်ဒါကို့စ်ဂရော့ ရုပ်ရှင်ဇာတ်လမ်းတွဲသစ်ရိုက်ကူးနေ

**လော့စ်အိန်ဂျလိစ် ဇွန် ၂၇**

အမေရိကန်လူငယ် ရုပ်ရှင်မင်းသမီးနဲ့ အဆိုတော်တစ်ဦးဖြစ်တဲ့ မီရင်ဒါကို့စ်ဂရော့ (ဝဲပုံ) ဟာ Despicable Me 2 အမည်ရှိတဲ့ ရုပ်ရှင်ဇာတ်ကားသစ်မှာ ပါဝင်သရုပ်ဆောင်လျက်ရှိပြီး ဒီဇာတ်ကားဟာ ၂၀၁၃ ခုနှစ်မှာ ရုံတင်ပြသနိုင်ဖို့ ကြိုးစားနေပါတယ်။

အသက် ၁၉ နှစ်သာရှိသေးတဲ့ ရုပ်ရှင်မင်းသမီး မီရင်ဒါကို့စ်ဂရော့ဟာ ၂၀၁၀ ခုနှစ်က Despicable Me ဇာတ်ကားမှာ ပါဝင် သရုပ်ဆောင်ခဲ့တာ လူကြိုက်များခဲ့ပြီး အဲဒီဇာတ်ကားလည်း ဝင်ငွေအများအပြား ရရှိခဲ့ပါတယ်။

**ပါဝင်သရုပ်ဆောင်**

အခုဇာတ်ကားက အဲဒီကားရဲ့ အဆက်ဖြစ်ပြီး Despicable Me ရုပ်ရှင်စီးရီးအဖြစ် ဆက်တိုက်ရိုက်ကူးသွားမှာ ဖြစ်ပါတယ်။ Despicable Me 2 ဇာတ်ကားမှာ ရုပ်ရှင်မင်းသမီး မီရင်ဒါကို့စ်ဂရော့က မာဂိုအမည်ရှိတဲ့ အမျိုးသမီး တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။ Despicable Me 2 ဇာတ်ကားရုံတင်ပြသပြီးရင် ဆက်တိုက်အနေနဲ့ Despicable Me 3 ကို ၂၀၁၃ ခုနှစ်အကုန်မှာ ဆက်လက်ရိုက်ကူးဖို့ စီစဉ်ထားပါတယ်။ ဒီဇာတ်ကားရဲ့ ဇာတ်လမ်းနဲ့ ဇာတ်ကောင် စရိုက်ဟာ ရုပ်ရှင်မင်းသမီး မီရင်ဒါကို့စ်ဂရော့နဲ့ လိုက်ဖက်တာမို့ သူမနဲ့ပဲဆက်ပြီး ရိုက်ကူးမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ရုပ်မြင်သံကြားဇာတ်လမ်းတွဲအဖြစ် Merry Chistmas Drake & Josh အမည်ရှိတဲ့ ဇာတ်လမ်းတွဲကို ၂၀၀၈ ခုနှစ်က ရိုက်ကူးခဲ့တာ အောင်မြင်မှုရရှိခဲ့တာမို့ အဲဒီဇာတ်လမ်းကိုအခြေခံပြီး ရုပ်မြင်သံကြားဇာတ်လမ်းတွဲသစ်တစ်ခုကို ဆက်လက်ရိုက်ကူးဖို့လည်း စီစဉ်နေပါတယ်။

ရုပ်ရှင်မင်းသမီး မီရင်ဒါကို့စ်ဂရော့ဟာ သူမပါဝင်သီဆိုရိုက်ကူးခဲ့တဲ့ i Carly အမည်ရှိ တေးအယ်လ်ဘမ်ကလည်း ရောင်းမလောက်အောင်ဖြစ်ခဲ့လို့ ၂၀၁၂ခုနှစ်အတွင်းမှာ ဝင်ငွေအကောင်းဆုံး လူငယ်အနုပညာရှင်တစ်ဦးအဖြစ်ရောက်ရှိမယ့် အနေအထားဖြစ်ပါတယ်။

**ရပ်တည်နိုင်**

ဒါ့အပြင် သူမ သီဆိုထားတဲ့ Sparks Fly တေးအယ်လ်ဘမ်ကလည်း ပြီးခဲ့တဲ့နှစ် ဧပြီလက ဖြန့်ချိခဲ့ရာမှာ တေးအယ်လ်ဘမ်အချပ်ပေါင်း ၅၀၀၀၀၀ ခန့် ရောင်းချခဲ့ရတာမို့ ကမ္ဘာ့ဝင်ငွေကောင်းတဲ့ လူငယ်အနုပညာရှင်တွေမှာ တစ်ဦးအဖြစ် ရပ်တည်နိုင်တဲ့သူဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်ကုန်မှာ ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီနဲ့ ရုပ်ရှင်ကားသစ်တစ်ကား ရိုက်ကူးဖို့အစီအစဉ်ရှိနေတာမို့ ဟောလိဝုဒ်မှာတော့ ရုပ်ရှင်မင်းသမီး မီရင်ဒါကို့စ်ဂရော့ဟာ အောင်မြင်နေတဲ့ လူငယ်ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်ပါတယ်။ **(အင်တာနက်)**

